# မြန်မာ့အလင်း / ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 16 December 2023 ၁၁၃၁၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများအတွက် ထိရောက်စွာသုံးစွဲ

## နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပံ့ပိုးကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၁၅

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


ပြည်ပသို့အလုပ်သမားစေလွှတ်မှု လချုပ်စာရင်း ပေးပို့ရန် သုံးကြိမ်အထက်ပျက်ကွက်ပါက ဝန်ခံကတိရေးထိုးရမည်ဖြစ်ပြီး ထပ်ပျက်လျှင် ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်


စာမျက်နှာ ၄


သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းပြောတဲ့သူဟာ ကိုယ့်မှာအပြစ်ကင်းသလားဆိုတာကို ဆင်ခြင်နိုင်စွမ်းအားနည်းပါတယ်။ ဒါမှမဟုတ် နောက်ကွယ်ကအကြောင်းတွေကြောင့် မကောင်းမှန်းသိရက်နဲ့ လုပ်နေတာလည်း ဖြစ်နိုင်ပါတယ်။


ဆောင်းပါး စာမျက်နှာ ၈


အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်မှာ အရှိန်အဟုန်ဖြင့် တိုးမြင့်လာမည်ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ရည်(LNG)သည် နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းရန် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ရောက်ရှိလာမည်


စာမျက်နှာ ၁၀

ကြေးမုံ

# စည်းလုံးညီညွတ်သောအားဖြင့် ပြည်ထောင်စုအကျိုးကို ဆောင်ရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးများအားလုံး မရှိအတူရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်းလုံး တန်းတူညီမျှ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် လမ်းပန်းဆက်သွယ်ရေး၊ ပထဝီအနေအထားနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းရင်းသားဒေသများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်နှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် ဖွံ့ဖြိုးမှုနှေးကွေးနေသော ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်ကို ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေလအတွင်း အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ခဲ့သည့်အချိန်က ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ပေါ်အောင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ပေးခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပ စေတနာရှင်များ၏လှူဒါန်းမှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ အချိန်တိုကာလအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း အန္တရာယ်အခက်အခဲအမျိုးမျိုး ကြုံတွေ့ရသည့်အခါ ရခိုင်ပြည်နယ်နည်းတူ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို ချက်ချင်းအလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသည်မှာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လက်ရှိကာလ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ပစွက်ဖက်မှုတို့ကြောင့် တိုင်းရင်းသားဒေသများတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ဖျက်ဆီးမှုများ၊ ပဋိပက္ခများ၏ဆိုးကျိုးများကို ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ခံစားနေကြရသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

"တည်ငြိမ်အေးချမ်းမှု မရှိသမျှကာလပတ်လုံး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှာ အလှမ်းဝေးနေမည်သာဖြစ်ပြီး တစ်ဦးချင်းအခွင့်အရေး၊ အခွင့်အလမ်းများလည်း ဆုံးရှုံးမှုများ ကြုံတွေ့နေမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးခံယူချက်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ဒွိတာဝန်အရေးသုံးပါးကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားမည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် အသိပေးထားသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း ရခိုင်တိုင်းရင်းသားများအပါအဝင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း စသည့် တိုင်းရင်းသားများအားလုံး အတူယှဉ်တွဲနေထိုင်လျက်ရှိရာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့သည် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်ရာ ပြည်တွင်းအင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် ပြည်ထောင်စုကြီးအကျိုးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။


(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်


## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ ရက်၊ ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဘက်စုံသုံးခန်းမ၌ မြန်မာစာဌာနနှင့် အင်္ဂလိပ်စာဌာနတို့က ကြီးမှူး၍ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းရှိ မျက်မမြင်ကျောင်းတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဟောပြောပွဲ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ စံပြပရဟိတအဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး သရုပ်ပြသကြစဉ်။

တင်ဝင်းတင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၅ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၃၁ | ၂၆၉,၇၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၂,၈၆၅ | ၈,၁၈၅,၆၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၄၅ | ၃၄၂,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၆၀ | ၉၆,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၃ | ၄၈၇,၂၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၆၈၂ | ၁,၃၄၉,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၄ | ၁၉,၀၀၀ |
| MAEX | ၁,၆၅၀ | ၁,၆၅၀ | ၅,၉၁၈ | ၉,၈၆၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

✪ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

❖ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားပြီးဖြစ်သည့်အတွက် အဆိုပါရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားရမည်

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသများတွင် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားပြီး အားပေးမြှင့်တင် ဆောင်ရွက်ပေးကြစေလို

❖ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်တိုးတက်ရရှိရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည်

**အတည်ပြုပြဋ္ဌာန်းမည်**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး(၂/၂၀၂၃)တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းမည် ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သုံးစွဲနိုင်သည့်ကာလမှာ လေးလခန့်သာရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများကိုများစွာလျာထားတောင်းခံထားပြီး မသုံးစွဲနိုင်သဖြင့် ပြန်လည်အပ်နှံခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဘတ်ဂျက်တောင်းခံသုံးစွဲမှုများနှင့်စပ်လျဉ်းပြီး အလေးထားစစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း။

**လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံရမည်**

ထို့ပြင် နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲရမည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်ပြီး နိုင်ငံခြားငွေဖြင့်သာ မဖြစ်မနေပေးချေရမည့် အသုံးစရိတ်များ၊ ပြည်တွင်း၌ ဝယ်ယူ၍မရနိုင်သဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရမည့် ပစ္စည်းများအတွက် လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားပြီးဖြစ်သည့်အတွက် အဆိုပါရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသများတွင် ဝင်ငွေတိုးတက်ရရှိစေရေး အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားပြီး အားပေးမြှင့်တင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်တိုးတက်ရရှိရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် အခွန်ဝေစုခွဲဝေပေးမှုများအပေါ် မှီခိုမနေဘဲ ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားပြောကြားလိုပါကြောင်း။

ထို့ပြင် စားရေရိက္ခာဖူလုံစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသာမက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့အပြင် အခြားကဏ္ဍများတွင်လည်း နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ကျခံသုံးစွဲပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်များကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအခါ နိုင်ငံတော်ဘတ်ဂျက်ကို စနစ်တကျစိစစ်ရန်၊ သုံးစွဲရန်အတွက် "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိရောက်စွာ သုံးစွဲကြစေလို**

ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများအတွက် ထိရောက်စွာ သုံးစွဲကြစေလိုပါကြောင်း၊ ထို့ပြင် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အသုံးစရိတ်များ အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ရာတွင် သာမန်အသုံးစရိတ်အပိုင်းတွင် အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားချက်ကြောင့် လိုအပ်လာသည့် အသုံးစရိတ်များ၊ နိုင်ငံတော်သို့ ထပ်မံပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအတွက် တောင်းခံသည့်အတိုင်း ခွင့်ပြုခဲ့ပြီး မဖြစ်မနေပေးချေရန် ထပ်မံလိုအပ်သည့် နိုင်ငံ့ဝန်ထမ်းလစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ခွင့်ပြုထားသည့် အပိုထောက်ပံ့ကြေးအသုံးစရိတ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ်များနှင့် အခြားလိုအပ်သည့် အသုံးစရိတ်များ၊ ၂၀၂၄-၂၀၂၅ ခုပညာသင်နှစ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး

စာမျက်နှာ ၄ သို့ »»





# ဆော့ဖ်ဝဲစနစ် တပ်ဆင်အသုံးပြု၍ စက်သုံးဆီဝယ်ယူသုံးစွဲမှု ကြီးကြပ်စောင့်ကြည့်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ဆောင်ရွက်နေသော စက်သုံးဆီသိုလှောင်စခန်းများသို့ရောက်ရှိကာ ပြည်ပမှ စက်သုံးဆီတင် သင်္ဘောများဖြင့် စက်သုံးဆီ တင်သွင်းရောက်ရှိနေမှု အခြေအနေများ၊ စက်သုံးဆီသိုလှောင်ကန်များသို့ စက်သုံးဆီ လက်ခံချယူနေမှုအခြေအနေများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆီသယ်ယာဉ်များဖြင့် စက်သုံးဆီဖြန့်ဖြူးပေးပို့ရန် မျှောစနစ်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၏ အများပြည်သူသို့ စက်သုံးဆီ ဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေဖြင့် သိုလှောင်စခန်း၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများ၏ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် SOP (Standard Operating Procedure) များကို လိုက်နာဆောင်ရွက်ကြရန်၊ ဆီတင်/ဆီချဆောင်ရွက်ရာတွင် စက်သုံးဆီများ ယိုဖိတ်မှုမရှိစေရေးနှင့် စက်သုံးဆီများအား အရည်အသွေးပြည့်မီစွာ ထိန်းသိမ်းဖြန့်ဖြူးပေးနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်၊ ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မျှောထုတ်ယူရသည့်စနစ်မှ အွန်လိုင်းဖြင့် မျှောထုတ်ယူနိုင်သည့်အဆင့်သို့ အသုံးပြုသွားနိုင်ရေးနှင့် ဆော့ဖ်ဝဲစနစ် တပ်ဆင်အသုံးပြု၍ စက်သုံးဆီဝယ်ယူသုံးစွဲမှု အခြေအနေကို ကြီးကြပ်စောင့်ကြည့်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့်လည်း အများပြည်သူသို့ ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪

»»» စာမျက်နှာ ၃ မှ

အထက်တန်းကျောင်း ၃၄ ကျောင်းတွင် RCC တစ်ထပ် ၃၄ ဆောင် ဆောက်လုပ်ရန်အတွက် အသုံးစရိတ်များ ခွင့်ပြုပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြု ထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

**❖ ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ် သုံးသင့်သုံးထိုက်သည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန်လိုကြောင်း၊ နိုင်ငံတော်၏ ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ သုံးစွဲရာတွင် အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလက်ခံနိုင်သည့်အခက်အခဲများကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်းမှလွဲ၍ အခြားအကောင်အထည်မဖော်နိုင်သည့်လုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ်ရန်လို**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ် သုံးသင့်သုံးထိုက်သည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန် လိုကြောင်း၊ နိုင်ငံတော်၏ ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ သုံးစွဲရာတွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလက်ခံနိုင်သည့် အခက်အခဲများကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းမှလွဲ၍ အခြားအကောင်အထည်မဖော်နိုင်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ်ရန်လိုကြောင်း၊

အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးငွေဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်၍ အကျိုးရှိသည့်နေရာများတွင် အသုံးချရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအတွင်းမှ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာဖြင့် သုံးစွဲကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် မိမိတို့လျာထားသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တိုင်းပြည်အကျိုးကို ရှေးရှုပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများတွင် ခေတ်မီနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း။

စားသုံးဆီများ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှုများ ရှိနေခြင်းကြောင့် ပြည်တွင်းစားသုံးဆီဖူလုံအောင် ထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် အမှတ်စဉ် (၇) အဖြစ် **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”**ဟု ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ စက်သုံးဆီများ ပြည်ပမှ တင်သွင်းခြင်းကိုလည်း နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများကို အထူးစိစစ်ပြီးသုံးစွဲကြရန် လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဘေး၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးစသည့် သဘာဝဘေးများကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ကြရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးထား မှာကြားလိုကြောင်း။

**အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲ**

ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်၊ လျာထားသည့် ရငွေလျာထားချက်များ အတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုခဒဂုံအိမ်ရာသို့ YBS ယာဉ်လိုင်းလေးလိုင်းမှ ယာဉ်အစီးရေ ၁၀၀ ခန့်ဖြင့် စတင်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိသုခဒဂုံ ပြည်သူ့အငှားအိမ်ရာသို့ ဘတ်စ်ကားလိုင်းလေးလိုင်းမှ ယာဉ်အစီးရေ ၁၀၀ ခန့်ဖြင့် စတင်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ ( YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ဒီဇင်ဘာ ၁၅ ရက်တွင်YBS ၁၁၈၊ YBS ၉၇၊ YBS ၈၁၊ YBS ၇၁ ယာဉ်လိုင်းများမှ အစီးရေ ၁၀၀ ဖြင့် သုခဒဂုံပြည်သူ့အငှားအိမ်ရာသို့ ပြေးဆွဲနေခြင်းဖြစ်သည်။

“YBS ၉၇ ယာဉ်လိုင်းနဲ့ YBS ၁၁၈ ယာဉ်လိုင်းက စီးပွားရေးတက္ကသိုလ်ကနေစထွက်ကာ အိမ်ရာထဲကိုဝင်ပြီး မူလလမ်းကြောင်းအတိုင်း ပြေးဆွဲတယ်။ YBS ၈၁နဲ့ ၇၁ကလည်း သူ့လမ်းကြောင်းစထွက်တဲ့နေရာကနေ သုခဒဂုံအငှားအိမ်ရာထဲဝင်ပြီး မူလလမ်းကြောင်းအတိုင်း ပြေးဆွဲပေးနေတယ်။ YBSတွေနဂိုပြေးဆွဲနေတဲ့ မနက်၅နာရီ လောက်ကနေစပြီး ပြေးဆွဲတာ။ သတ်မှတ်တာကတော့ ည ၁၀ နာရီအထိ သတ်မှတ်ထားပေမယ့် အချို့ CNG အခက်အခဲတွေကြောင့် သတ်မှတ်ချိန်အထိ မပြေးဆွဲနိုင်တာမျိုးတော့ ရှိတာပေါ့”ဟု ၎င်းကဆိုသည်။

သုခဒဂုံအိမ်ရာဝင်းအတွင်း နေထိုင်သူပြည်သူများ အဆင်ပြေစေရန်ပြေးဆွဲပေးခြင်းဖြစ်ပြီး အိမ်ရာအတွင်း နိုင်ငံတော်မှချပေးထားသည့် မြေဧက ငါးဧကပေါ်တွင် ယာဉ်ရပ်နားဝင်းအတွက် ပြင်ဆင်ဆောင်ရွက်နေကာ ပြီးစီးပါက အဆိုပါအိမ်ရာအတွင်းမှ ယာဉ်များ ပြေးဆွဲနိုင်မည်ဟု ဆိုသည်။ သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းကို မြေဧက ၁၈၀ ပေါ်တွင် ၂၀၂၀



ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး လေးခန်းတွဲ ငါးထပ်အဆောက်အအုံများဖြစ်ကာ အခန်းပေါင်း ၄၃၅၂ ခန်း ပါဝင်ကြောင်း သိရသည်။

အဆိုပါအိမ်ရာတွင် ငှားရမ်းနေထိုင်သူများကို နေထိုင်ခွင့်သက်တမ်း ငါးနှစ် သတ်မှတ်ထားပြီး အခန်းခတစ်လလျှင် ငွေကျပ် ၄၆၀၀၀ မှ ငွေကျပ် ၆၇၀၀၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။

**MT**

## ပြည်ပသို့အလုပ်သမားစေလွှတ်မှု လချုပ်စာရင်းပေးပို့ရန် သုံးကြိမ်အထက်ပျက်ကွက်ပါက ဝန်ခံကတိရေးထိုးရမည်ဖြစ်ပြီး ထပ်ပျက်လျှင် ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြည်ပသို့အလုပ်သမားစေလွှတ်မှု လချုပ်စာရင်းပေးပို့ရန် သုံးကြိမ်အထက်ပျက်ကွက်ပါက ဝန်ခံကတိရေးထိုးရမည်ဖြစ်ပြီး ထပ်ပျက်လျှင် ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ Safe Migration အင်တာနက်စာမျက်နှာတွင် အသိပေးထားသည်။

“လချုပ်စာရင်းက အမြဲတမ်းပို့ရမယ်လေ။ အဲဒါက အေဂျင်စီတွေရဲ့ တာဝန်ဆိုတော့ ပို့ရမှာပေါ့”ဟု မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ အတွင်းရေးမှူး ဦးမြတ်သူက ပြောသည်။

နိုဝင်ဘာလအတွက် အလုပ်သမားစေလွှတ်လချုပ်ကို အီးမေးလ်ဖြင့်ဖြစ်စေ၊ စာလမ်းကြောင်းမှဖြစ်စေ အချိန်မီပေးပို့လာခြင်းမရှိသည့် ပြည်ပအလုပ်အကိုင်အေဂျင်စီ ၃၀ရှိကြောင်း Safe Migration မှ သိရသည်။

အဆိုပါအေဂျင်စီ ၃၀ အနက် သုံးကြိမ်တိုင်တိုင် အလုပ်သမားစေလွှတ်လချုပ်စာရင်းပေးပို့ခြင်းမရှိသည့် အေဂျင်စီခြောက်ခု ပါဝင်သည်။ အေဂျင်စီများအနေဖြင့် စေလွှတ်လချုပ်ကို စေလွှတ်စာရင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယာယီအပိတ်ခံထားရသည်ဖြစ်စေ၊ လစဉ်လဆန်း ၅ ရက်မတိုင်မီ dolmigrationsending @gmail.comသို့ အီးမေးလ်ဖြင့် အချိန်မီပေးပို့ရမည်ဟုအသိပေးထားသည်။ မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရှိ အေဂျင်စီ ၅၀၀ ကျော်ရှိကြောင်း MOEAF ရှိ စာရင်းများအရသိရသည်။ **MT**

# တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်မတော်အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီး အရည်အချင်း/အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပေးရေးသည် အလွန်ပင်အရေးကြီး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု(၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယခင်က တပ်မတော်ပိုင်လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို (၁၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ယခု (၁၄)ကြိမ်မြောက် တပ်တော်ဝင် အခမ်းအနားတွင် စတုတ္ထမျိုးဆက်လွန် လေကြောင်းအရေးသာမှု လေယာဉ်အမျိုးအစားဖြစ်သည့် Su-30 SME တိုက်လေယာဉ် နှစ်စင်းကို တပ်တော်ဝင်ပြီး တပ်မတော်(လေ)သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လေယာဉ်များ ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်အားလုံး၏ စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းအား၊ တိုက်စွမ်းရည် တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည် ဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာ အရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြုပြီး ရန်သူအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ကာ မိမိတပ်များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုဖြစ်ပေါ်လာစေရန်အတွက် လေကြောင်းစိုးမိုးမှု၊ လေကြောင်း အရေးသာမှုများကို အဓိကထား ဆောင်ရွက်လာကြကြောင်း၊မြင့်မားသောလေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် လေတပ်မတော် ဖြစ်လာစေရေးအတွက် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်များ အားလုံး အမြဲ လေ့ကျင့်နေရမည်ပင်ဖြစ်ကြောင်း။

စစ်နည်းဗျူဟာ ကျွမ်းကျင်မှု၊ လေကြောင်း အကဲသာမှုနှင့် အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးသည့်အတွက် တပ်မတော်(လေ) အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့် စစ်နည်းဗျူဟာများနှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာ အသုံးချနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးကို အလေးအနက်ထား လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်မတော် အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီး အရည်အချင်း/ အရည်အသွေး ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ လေ့ကျင့်ပေးရေးသည် အလွန်ပင် အရေးကြီးကြောင်း၊ လေယာဉ်များကို ကိုင်တွယ်ထိန်းသိမ်း မောင်းနှင်သည့် လေသူရဲများသည် လေယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သကဲ့သို့ လေယာဉ်တွင် တပ်ဆင်ထားသည့် စစ်လက်နက် ပစ္စည်းများကို ထိရောက် ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်စေရန် အမြဲတမ်း လေ့ကျင့်နေရန် လိုကြောင်း၊ တပ်မတော်(လေ)မှ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါ၊ မိုးလေဝသစသည့် လေကြောင်း ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ/စစ်သည်များ အားလုံးအနေဖြင့် မိမိတို့ကိုင်တွယ်အသုံးပြုနေသည့် စက်ပစ္စည်း ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်နေသော နည်းပညာများနှင့်အတူ လိုက်လျောညီထွေ ပြောင်းလဲလာသော စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်(လေ) အနေဖြင့် သမိုင်းကြောင်း တစ်လျှောက် ပိုင်နက်ဝေဟင် စိုးမိုးရေးနှင့် လေကြောင်းရန် ကာကွယ်ရေး တာဝန်များသာမက ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးစစ်ဆင်ရေးများတွင် ခေတ်အဆက်ဆက် တာဝန် ကျေပွန်အောင် ထမ်းဆောင် နိုင်ခဲ့သည်ကို မြင်တွေ့ရမည် ဖြစ်ကြောင်း၊ ပြည်ပကျူးကျော်မှု၊ ပြည်တွင်း သောင်းကျန်းမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး ဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီမှ မဲမသမာမှုများ ကျူးလွန်ခဲ့ပြီး ဥပဒေကိုအလွဲသုံးစားလုပ်ကာ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းလုပ်ဆောင် လာခြင်းကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မဖြစ်မနေ ထိန်းသိမ်းခဲ့ရခြင်း ဖြစ်ကြောင်း၊ တရားမဝင် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်များ ကျူးလွန်ခဲ့ကြသည့် လုပ်ရပ်များသည် နိုင်ငံတကာက သတ်မှတ်ထားသည့် အကြမ်းဖက်မှုပုံစံများနှင့် ထပ်တူညီနေသည်ကိုလည်း တွေ့ရှိရကြောင်း။

**စာမျက်နှာ ၆ သို့ ☆**

☆ **လေယာဉ်များကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သည့် လေသူရဲများသည် လေယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သကဲ့သို့ လေယာဉ်တွင် တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းများကို ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်စေရန် အမြဲတမ်း လေ့ကျင့်နေရန်လို**

☆ စာမျက်နှာ ၅ မှ

ထို့ကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူနေမှုဘဝအေးချမ်းစွာရှိနေရန်အတွက် တပ်မတော်က လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တရားသော စစ်ပွဲများဆင်နွှဲလျက် ချေမှုန်းနှိမ်နင်းရာတွင် တပ်မတော်(လေ) အနေဖြင့် ကြည်း၊ ရေ၊ လက်ရုံးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ စစ်ဆင်ရေးများတွင် လေကြောင်းစွမ်းအားကို ထိထိရောက်ရောက် အသုံးချကာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနေသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့် အခြားတိုင်းစစ်ဌာနချုပ် နယ်မြေများ၌ ဖြစ်ပွားလျက်ရှိသည့် စစ်ဆင်ရေးများတွင် လေတပ်စစ်သည်တော်များ အနေဖြင့် တပ်မတော်(လေ)တွင်ရှိသည့် လေယာဉ်/ ရဟတ်ယာဉ်များကို စွမ်းအားပြည့်အသုံးပြုပြီး တိုက်ပွဲအောင်နိုင်ရေးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် သက်စွန့်ဆံဖျားကြိုးပမ်းတိုက်ပွဲ ဝင်ခဲ့ကြကြောင်း၊ ထိုအတွက်လည်း တိုက်ပွဲဝင်စစ်သည်များအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထိုသို့မြင့်မြတ်သည့် အစဉ်အလာကောင်းများကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်းအမွေ ဆက်လက်ထိန်းသိမ်းကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

**ပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆက်လက်ထမ်းဆောင်**

တပ်မတော်(လေ) အနေဖြင့် ဖြတ်သန်းလာသည့် (၇၆)နှစ်တာကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကူညီရှာဖွေ ကယ်ဆယ်ရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး စသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသည် ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ) အနေဖြင့် သမားရိုးကျ စစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့် စစ်ဆင်ရေးများနှင့် ပြည်သူ့အကျိုးပြု စစ်ဆင်ရေးများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့် အတူလက်တွဲလျက် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆက်လက် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစစ်ဆေးစဉ်။

**☆ ယနေ့တပ်တော်ဝင်မည့် Su-30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက်လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်**

တပ်မတော်(လေ) အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအား တိုးတက်တည်ဆောက်နေမှုကိုလည်း အချိန်နှင့်အမျှ လေ့လာသုံးသပ်ရင်း ထိရောက်သော လေကြောင်းစွမ်းအားနှင့် လေကြောင်းအာကာသ စွမ်းအားကို ပိုင်ဆိုင်သည့် ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သော တပ်မတော်(လေ) ဖြစ်အောင် အမြဲတမ်း တွေးတောကြံဆကာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး အတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သာမက စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကဏ္ဍနှစ်ရပ်လုံးကို အားသွန်ခွန်စိုက် တိုးမြှင့် တည်ဆောက်ရန်လိုအပ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် ခေတ်သစ်စစ်ပွဲများအတွင်း နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ရလဒ်ကို အဆုံးအဖြတ်ပေးနိုင်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်ကာလ အတွက် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း။

ယနေ့တပ်တော်ဝင်မည့် Su-30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့် အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက် လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

**တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်**

တပ်မတော်(လေ) အနေဖြင့် သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပြီး တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်၊ ယနေ့တပ်တော်ဝင် ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ်ပါ "မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ" ဆိုသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာ ကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ တပ်ပြင်စည်းရုံးရေးတို့ကို အမြဲခိုင်မာအောင် တည်ဆောက်သွားပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် လားရှိုးမြို့တွင်ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

❍ ကျောဖုံးမှ

မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီးတို့သည် မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံ ပြည်သူများအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့် အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့သည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် စွမ်းရည်ပြပျံသန်းစဉ်။

☆ စာမျက်နှာ ၆ မှ

တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာ ကောင်းများကို သားစဉ်မြေးဆက် မျိုးဆက်သစ်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာတည်သရွေ့မြန်မာတည်စေရန် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းက ပျံသန်းအလေးပြုပြီး ၎င်းတိုက်လေယာဉ်၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြ ပျံသန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် Tail Slide ဟုခေါ်သော ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့ လျှော့ချကာ အောက်သို့ ဒေါင်လိုက် ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံအား သရုပ်ပြခြင်းနှင့် Multiple Roll ဟုခေါ်သည့် မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာ လိုက်လာသည့် လေယာဉ်ကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Multiple Roll ပြုလုပ်ကာ စစ်ကစားပျံသန်းမှု ပုံစံတို့ကို သရုပ်ပြပျံသန်းသည်။

ယင်းနောက် Oblique Loop ဟုခေါ်သည့် လေယာဉ်အား ဘယ်သို့မဟုတ် ညာ ဘက်သို့ စောင်း၍ ဒေါင်လိုက်အပေါ်သို့ ဆွဲတင်ကာ စက်ဝိုင်းပုံစံသရုပ်ပြ ပျံသန်းခြင်း၊ အမြန်နှုန်း 100 Km/hr ခန့်နှင့် ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်းနှင့် Flat Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက် လည်ကျသော ပျံသန်းမှုပုံစံအား သရုပ်ပြသသည်။ Flat Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 SME တိုက်လေယာဉ်တွင်မူ လေယာဉ်၏အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှုထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့် နည်းပညာများနှင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flat Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် Su-30 တိုက်လေယာဉ်သည် Maximum Banking Turn ဟု ခေါ်သည့် Radius of Turn အကျဉ်းဆုံးဖြင့် ကွေ့ပျံသန်းခြင်းကို သရုပ်ပြပျံသန်းပြီး လေယာဉ်ပြေးလမ်း၏ တောင်ဘက်မှတစ်ဆင့် ကွင်းအတွင်းသို့ ပြန်လည်ဆင်းသက်သည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်



**စစ်တွေ ဒီဇင်ဘာ ၁၅**

(၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (ငြိမ်း)ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော် တီးခတ်ကာ ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေ၍ ဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။

**မိန့်ခွန်းပြောကြား**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာ ရရှိကြသူများကို ဆုတံဆိပ်များချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူသုံးဦးကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်)နှင့် ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူ နှစ်ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီး က ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု၊ ပြည်နယ်လူမှုထူးချွန်ဆု (ဒုတိယဆင့်)နှင့် (တတိယဆင့်)ရရှိသူများ၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၄၉)နှစ်မြောက်ရခိုင်ပြည်နယ်နေ့အခမ်းအနားတွင် ပြည်နယ်စီမံထူးချွန်ဆု(ပထမဆင့်) သုံးဆု၊ (ဒုတိယဆင့်) ၁၅ ဆု၊ (တတိယဆင့်) ၃၀၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်) တစ်ဆု၊ (ဒုတိယဆင့်) ခြောက်ဆု၊ (တတိယဆင့်) လေးဆု၊ ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရှစ်ဆု၊ (ဒုတိယဆင့်) ၁၀ ဆု၊ (တတိယဆင့်) ကိုးဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာ ၁၆၄ ဆု စုစုပေါင်း ၂၅၈ ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကပြဖျော်ဖြေ**

ဆက်လက်၍ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က မှိုဟင်းခူးဇောင်လားကတ်မေတေးသီချင်းဖြင့်လည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက ရခိုင့်ဘဝတေးသံတေးသီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခိုင်သဇင်ခန်းမအတွင်း၌ (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဂုဏ်ထူးဆောင်ဆုရရှိသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက အနာဂတ်တွင် အလားအလာကောင်းသော ပြည်နယ်တစ်ခုဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရေး တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး ကဏ္ဍများနှင့်ပတ်သက်၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ အဓိဋ္ဌာန်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပြည်နယ်စီမံထူးချွန်ဆု(ပထမဆင့်) ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် မြေဆီလွှာအာဟာရ ပြန်လည်ဖွံ့ဖြိုးစေရေး သဘာဝမြေသြဇာ ထည့်သွင်းခြင်းနှင့် ပိုက်ဆံလျှော်စိုက်ပျိုးခြင်းများဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက သမဝါယမအသင်းများ စပါးစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းပေါင်း ၃၅ သင်း၊ အသင်းသားဦးရေ ၃၀၉၅ ဦးအား လယ်မြေဧရိယာ ဧက ၁၆၀၀၀ အတွက် ငွေကျပ် ၃ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးထားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့၏ လယ်မြေများအား မြေဆီလွှာများ အာဟာရ ပြန်လည်ဖွံ့ဖြိုးစေရေး သဘာဝမြေသြဇာထည့်သွင်းခြင်းနှင့် ပိုက်ဆံလျှော်စိုက်ပျိုးခြင်းများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကာ စိုက်ပျိုးရေးရရှိရေးနည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးက သမဝါယမသင်းများ၏ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာသမဝါယမအသင်းများမှ အသင်းသားများက အသင်းတစ်ခုချင်းအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် သီးခြားလိုအပ်ချက်များကို လည်းကောင်း တင်ပြခဲ့ကြရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် သမဝါယမအသင်းများ၏ စိုက်ပျိုးထွက်ရှိမှုနှင့် အကျိုးအမြတ် အခြေအနေများနှင့်ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်အချက်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စမ္ပာနဂိုရ်ရက ပေါင်ကျိုးနွားမကြီး သို့မဟုတ် အမြီးပြတ်မြေခွေး

မောင်သောမန

လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကို အခြားသူတစ်ယောက်က ဝင်ရောက်စွက်ဖက်ရင် စွက်ဖက်ခံရသူအနေနဲ့ လက်မခံနိုင်တဲ့အပြင် မဆီမဆိုင်စွက်ဖက်သူကို မကျေမနပ်ဖြစ်မယ်၊ စိတ်ဆိုးမယ်၊ ဒေါသဖြစ်မယ်၊ စိတ်ရှိလက်ရှိ ပြောလိုက်ရမှ ကျေနပ်ပါတယ်။ စွက်ဖက်သူအနေနဲ့ သိက္ခာမဲ့ရာရောက်တယ်။ လိပ်ပြာမသန့် ဖြစ်မယ်။ ဒါကြောင့် ကိုယ်နဲ့မသက်ဆိုင်တဲ့ သူတစ်ပါးအရေးမှာ ဝင်ရောက်မစွက်ဖက်တာ ကောင်းပါတယ်။ စည်းလုံးညီညွတ်တဲ့ မိသားစုတစ်စုကို သွေးခွဲစကားလာပြောတဲ့ လူတစ်ယောက်ဟာ ကိုယ့်အရှက်ကို ကိုယ်လုံဖို့ မချိသွားဖြဲသလို မျက်နှာပြောင်တိုက်လုပ်ရပါတယ်။ တကယ်တော့ သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းပြောတဲ့သူဟာ ကိုယ့်မှာ အပြစ်ကင်းသလားဆိုတာကို ဆင်ခြင်နိုင်စွမ်းအားနည်းပါတယ်။ ဒါမှမဟုတ် နောက်ကွယ်က အကြောင်းတွေကြောင့် မကောင်းမှန်းသိရက်နဲ့ လုပ်နေတာလည်း ဖြစ်နိုင်ပါတယ်။

### ဆိုးယုတ်တဲ့အကြံ

သူတစ်ပါးမကောင်းကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်း ပြောချင်တဲ့သူဟာ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘဲ မစားရဝခမန်း ပြောတတ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ အရှေ့တောင်အာရှရဲ့အစွန်ဆုံးမှာရှိတဲ့ ပင်လယ်ထဲက အရှေ့တီမော သို့မဟုတ် တီမောကျွန်းနိုင်ငံလေးရဲ့ သမ္မတဆိုတဲ့သူပဲဖြစ်ပါတယ်။ သမိုင်းကြောင်း အစဉ်အလာမကောင်းခဲ့တဲ့ သူ့နိုင်ငံနဲ့ သူ့တပ်မတော်အကြောင်းကို မသိကျိုးကျွံပြုပြီး သူတစ်ပါးနိုင်ငံနဲ့ သူတစ်ပါးတပ်မတော်ကို ပျက်စီးရာ ပျက်စီးကြောင်း သွေးခွဲ၊ အသံကောင်းဟစ်လိုက်တာဟာ သူ့နိုင်ငံလိုပဲဖြစ်ပါစေဆိုတဲ့ မကောင်းတဲ့ ဆိုးယုတ်တဲ့အကြံအစည်နဲ့ လုပ်လိုက်တာတော့သေချာပါတယ်။

“ညောင်ဦးက ကမ်းပါးပြိုတာ စမ္ပာနဂိုရ်ရက နွားမကြီး ပေါင်ကျိုး”ဆိုတဲ့ မြန်မာ စကားပုံတစ်ခုရှိပါတယ်။ ညောင်ဦးက ကမ်းပါးပြိုတာနဲ့ ဟိုးဝေးလံတဲ့ စမ္ပာနဂိုရ်ရက နွားမကြီး ပေါင်ကျိုးတာဟာ ဘယ်လိုမှမဆက်စပ်ပါဘူး။ မြန်မာနိုင်ငံရဲ့ ဒေသအချို့မှာ တပ်မတော်က သောင်းကျန်းသူတွေကို တိုက်ခိုက်နှိမ်နင်းနေတဲ့အချိန်မှာ ဟိုးအရှေ့တောင်ဘက် ပင်လယ်ထဲက ကျွန်းနိုင်ငံငယ်လေး တစ်နိုင်ငံရဲ့ အကြီးအကဲတစ်ယောက်က မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံက တပ်မတော်သားတွေကို သွေးခွဲတဲ့စကား၊ နှိမ့်ချတဲ့စကား ပြောခဲ့တာဟာ စမ္ပာနဂိုရ်ရက နွားမကြီးပေါင်ကျိုးလို့ အော်နေသလိုမျိုးဖြစ်နေပါတယ်။ ဒါပေမဲ့ တီမောနိုင်ငံရဲ့ သမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင် အဆက်အစပ်ရှိ လာပြန်ပါတယ်။

### အားနည်းသည့်နိုင်ငံ

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဟာ အရှေ့တောင်အာရှ အစွန်အဖျားမှာတည်ရှိတဲ့ ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တီမောကျွန်းရဲ့ အရှေ့ဘက်မှာ တည်ရှိပါတယ်။ အနောက်ဘက်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ အနောက်တီမောနဲ့ တောင်ဘက်မှာ ဩစတြေးလျနိုင်ငံ ရှိပါတယ်။ တီမော ပင်လယ်ခြားပြီး တည်ရှိနေပါတယ်။ နိုင်ငံဟာ စတုရန်းမိုင် ၅၄၀၀ ကီလိုမီတာ ၁၅၄၁၀ ကျယ်ဝန်းပြီး မြန်မာနိုင်ငံက ဒေသသေးသေးတစ်ခုစာမျှလောက်ပဲရှိပါတယ်။ နိုင်ငံဟာ နောက်ခံသမိုင်းကြောင်း မကောင်းဘဲ လက်ရှိအခြေအနေမှာလည်း ချို့ယွင်းအားနည်းချက်တွေ များစွာရှိပါတယ်။

တီမောနိုင်ငံရဲ့ သမိုင်းကြောင်းမှာ ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်ချက်အရ အရှေ့တီမောနိုင်ငံရဲ့ စီးပွားရေးဟာ နိမ့်ကျပါတယ်။ ၂၀၁၅ ခုနှစ် သန်းခေါင်စာရင်းအရ အရှေ့တီမောနိုင်ငံရဲ့ လူဦးရေဟာ ၁၁၈၃၆၄၃ ဦး ဖြစ်ပါတယ်။ နိုင်ငံလူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့တွေဖြစ်ပါတယ်။ တိုင်းပြည် လူဦးရေရဲ့ တစ်ဝက်ခန့်ဟာ စာတတ်မြောက်မှု မရှိပါဘူး။ အစိုးရရဲ့ အသုံးစရိတ်ဟာ ငွေကြေးဖောင်းပွမှုမှာ များစွာသက်ရောက်မှုရှိပါတယ်။ နိုင်ငံသားတွေဟာ ဆင်းရဲမွဲတေမှုနဲ့ ကြုံနေရကာ အထူးသဖြင့် လယ်သမားတွေနဲ့ ငါးဖမ်းသမားတွေဟာ ကျေးလက်ဒေသတွေမှာ အနေများပါတယ်။ မြို့ပြဧရိယာမှာ အများစုဟာ ဆင်းရဲကြပါတယ်။ အမျိုးသမီးတွေဟာ ဆင်းရဲပြီး လုပ်အားခအလွန်နည်းတဲ့ အလုပ်တွေမှာ အလုပ်လုပ်ရပါတယ်။ ကလေးငယ်တွေဟာ ကြီးထွားမှု နှေးကွေးပြီး အာဟာရချို့တဲ့နေကြပါတယ်။

### ကုလတပ်စေလွှတ်

၂၀၀၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့မှာ အရှေ့တီမောနိုင်ငံရဲ့ ပထမဆုံးရွေးကောက်ပွဲကို ကုလသမဂ္ဂက ကြီးမှူးပြီးကျင်းပပေးခဲ့ပါတယ်။ ၂၀၀၂ခုနှစ် မေလ ၂၀ ရက်နေ့မှာ ကုလသမဂ္ဂက အရှေ့တီမောနိုင်ငံရဲ့ လွတ်လပ်ရေးကို တရားဝင် အသိအမှတ်ပြုခဲ့ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဇာနာနာ ဂုတ်စမိုဟာ အရှေ့တီမောရဲ့ ပထမဆုံးသမ္မတဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ နိုင်ငံအမည် အရှေ့တီမော (East Timor) ကို တီမောလက်စ်တေ (Timor-Leste)လို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ထိုစဉ်က သမ္မတနဲ့ ဝန်ကြီးချုပ်တို့အကြားမှာ မပြေလည်မှုများရှိခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာ အရှေ့တီမောနိုင်ငံအနောက်ပိုင်းမှ စစ်သားအများစုပါဝင်တဲ့ စစ်သားတွေရဲ့ ဆူပူအုံကြွမှုတွေနဲ့ ဂိုဏ်းကွဲမှုတွေဖြစ်ခဲ့ပါတယ်။ တပ်တွင်းဆူပူမှု ဖြစ်ပွားရတဲ့အကြောင်းကတော့ အစိုးရက နိုင်ငံအရှေ့ပိုင်းက စစ်သားတွေကို ပိုပြီးမျက်နှာသာပေးတယ်လို့ နိုင်ငံအနောက်ပိုင်းက စစ်သားတွေက စွပ်စွဲခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တပ်တွင်းပုန်ကုန်မှု ပဋိပက္ခတွေဖြစ်ပြီး ကြီးမားတဲ့ပြဿနာ ဖြစ်ခဲ့ရပါတယ်။ ၂၀၀၆ ခုနှစ် မတ်လက နိုင်ငံအနောက်ပိုင်းက စစ်သားအများစုပါဝင်တဲ့ စစ်သားတွေရဲ့ ဆူပူအုံကြွမှုတွေနဲ့ ဂိုဏ်းကွဲမှုတွေကြောင့် နိုင်ငံ လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းဖြစ်တဲ့ လူပေါင်း ၁၅၅၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးတပ်တွေ စေလွှတ်ပြီး ထိန်းသိမ်းခဲ့ရပါတယ်။

### နိုင်ငံရေးစတန့်ထွင်

၂၀၀၆ ခုနှစ် မေလမှာ သမ္မတက အရေးပေါ်အခြေအနေ ကြေညာခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ သမ္မတ ဇာနာနာဂုတ်စမိုက သူ့အနေနဲ့ နောက်ထပ်သမ္မတသက်တမ်းကို တာဝန်မထမ်းဆောင်တော့ကြောင်း ပြောကြားခဲ့ပါတယ်။ ထိုကာလမှာ ဝန်ကြီးချုပ်လည်း နုတ်ထွက်ခဲ့ပါတယ်။ အဲဒီတုန်းက နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပြီး ယခု လက်ရှိသမ္မတက ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ၂၀၀၇ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ သမ္မတ ဖြစ်လာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ သမ္မတ ရာမို့စ်ဟော်တာဟာ လုပ်ကြံသတ်ဖြတ်ခံရမှုမှာ ပါဝင်ခဲ့ပြီး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါတယ်။ ဝန်ကြီးချုပ်ကတော့ မထိခိုက်ဘဲ လွတ်မြောက်သွားခဲ့တယ်။ အခြေအနေကို ထိန်းသိမ်းဖို့ ဩစတြေးလျတပ်ဖွဲ့တွေ ချက်ချင်းစေလွှတ်ခဲ့ပါတယ်။

ထိုစဉ်ကာလ တီမောနိုင်ငံရဲ့ မတည်မငြိမ်ဖြစ်ခဲ့တဲ့ အခြေအနေတွေကို အကြောင်းပြုလို့ အရှေ့တီမောပြဿနာကို လက်ညှိုးထိုးပြီး မြန်မာနိုင်ငံကိုလည်း အရှေ့တီမောလို အရေးယူသင့်ပါတယ်ဆိုတဲ့ စကားမျိုးပြောခဲ့တဲ့ မြန်မာနိုင်ငံက နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်တစ်ဦးရှိခဲ့ဖူးပါတယ်။ အခုလည်း မြန်မာနိုင်ငံကို အရှေ့တီမောလိုဖြစ်အောင် တပ်မတော်သားတွေကို သွေးခွဲစကားပြောဆိုလာတဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရ တီမောသမ္မတက ဖန်တီးလာပြန်ပါတယ်။ မြန်မာနိုင်ငံပြိုကွဲပျက်စီးအောင်ပြုလုပ်ပြီး ကုလသမဂ္ဂတပ်ဖွဲ့တွေ၊ အနောက်အုပ်စုတွေ ဝင်ရောက်ပတ်သက်လာအောင် နိုင်ငံရေး စတန့်ထွင်လိုက်တာဖြစ်ပါတယ်။

### အရှက်မရှိတဲ့စကား

ပုံပြင်တစ်ပုဒ်မှာ အမြီးပြတ်နေတဲ့ မြေခွေးတစ်ကောင်ဟာ ကိုယ့်အမြီးပြတ်နေတာကို ရှက်ရကောင်းမှန်း မသိဘဲ တခြားမြေခွေးတွေရဲ့ အကဲ့ရဲ့က နေလွတ်အောင် သူ့လိုအမြီးတွေပြတ်အောင် အကြံပေးနေတာနဲ့လည်း တူပါတယ်။ မိမိရဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေကို ဖုံးကွယ်ထားနိုင်အောင် လူလူသူသူ အထင်ကြီးအောင်၊ ကယ်တင်ရှင်ဖြစ်သယောင် ဖန်တီးနေတာဖြစ်ပါတယ်။ သူ့နိုင်ငံမှာဖြစ်တဲ့အဖြစ်မျိုးလို မြန်မာနိုင်ငံကိုလည်း ဖြစ်စေလိုတာကြောင့် မြန်မာနိုင်ငံက တပ်မတော်သားတွေ လက်နက်ချပြီး ပြည်သူလူထုဘက်ကရပ်တည်ဖို့ တီမောသမ္မတက အရှက်မရှိတဲ့စကား ပြောဆိုလိုက်တာဖြစ်ပါတယ်။

တီမောသမ္မတဟာ သမ္မတအဆင့်နဲ့မဆီလျော်တဲ့ အရှက်မရှိတဲ့စကားတွေ ပြောခဲ့သလို သူ့ရဲ့နောက်ခံ သမိုင်းကြောင်းမှာလည်း မကောင်းတဲ့လုပ်ရပ်တွေ ရှိခဲ့ပါတယ်။ သူသမ္မတမဖြစ်မီ ၁၉၉၄ ခုနှစ်တုန်းက မြန်မာနိုင်ငံထဲကို တရားမဝင် ဝင်ရောက်လာပြီး သောင်းကျန်းသူနယ်မြေ ကရင်ပြည်နယ် မာနယ်ပလောမှာ နေထိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့အစိုးရအား ဆန့်ကျင်ခဲ့တဲ့သူတွေကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ ဒါကြောင့်သူဟာ မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို အစောကတည်းကဝင်ရောက်ပြီး မြေခွေးလိုအကောက်ကြံ ကြံစည်အားထုတ်နေခဲ့တဲ့ သူတစ်ယောက်ဖြစ်ပါတယ်။

### ဒေါသဖြစ်ကြရ

ဒီလောက်ဆိုရင် တီမောနိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းအကျဉ်းနဲ့ တီမောသမ္မတရဲ့ အကြံအစည်ကို ရိပ်စားမိလောက်ပြီဖြစ်ပါတယ်။ တီမောသမ္မတ မသိသေးတဲ့ အချက်ကတော့ မြန်မာနိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းကို မလေ့လာဘဲ အရည်မရ၊ အဖတ်မရ ငပေါကြီးဖြစ်အောင် ပြောခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုက စုတ်ပြတ်နေတဲ့ သူ့နိုင်ငံအတွက် အနောက်နိုင်ငံတွေရဲ့ ထောက်ပံ့မှုကို ရမလားဆိုပြီး လေလည်ပြတာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်သမ္မတမှ မလုပ်ဘူးတဲ့ အလုပ်ကိုလုပ်ပြလိုက်လို့ နိုင်ငံတကာမှာ ဟီးရိုးဖြစ်လာမလားလို့ စိတ်ကူးယဉ်တာလည်း ဖြစ်နိုင်ပါတယ်။ သမ္မတဆိုတဲ့ ဂုဏ်သိက္ခာကို မထောက်ထားဘဲ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာ၊ သူတစ်ပါးနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားတာဖြစ်လို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ ဒေါသဖြစ်ကြရပါတယ်။

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတချို့ဖြစ်နေတဲ့ကာလအတွင်း စစ်ရေးအခြေအနေနဲ့ ပတ်သက်လို့ တပ်မတော်ကို သွေးခွဲတဲ့လုပ်ရပ်တွေကို ပြုလုပ်နေကြတာဟာ သူတင်မကပါဘူး။ အခြေမလှတဲ့ သောင်းကျန်းသူတွေက လုပ်တာတစ်မျိုး၊ အမျိုးသားသစ္စာဖောက်တွေက လုပ်တာတစ်ဖုံ၊ အထူးသဖြင့် ပြည်ဖျက်မီဒီယာတွေက အမျိုးမျိုးပုံဖျက် လုပ်နေကြတာတစ်သွယ်၊ အခုပဲ တပ်မတော်ကြီး ပြိုကွဲသွားတော့မယောင်၊ တိုင်းပြည်ကြီး ပြိုလဲသွားတော့မလို စိတ်ပျက်စရာသတင်းတွေ ခဏခဏ တွေ့မြင်ကြားသိနေရပါတယ်။ အခုမြန်မာ့တပ်မတော်က တပ်မတော်သားတွေကို လက်နက်တွေစွန့်လွှတ်ပြီး ပြည်သူ့ရင်ခွင်ကို ခိုလှုံပါဆိုတဲ့ ရီစရာ ပျက်လုံးစကားကို ပြောလိုက်တာဟာ ပေါင်ကျိုးနွားမကြီး အော်တာထက်တောင် ဆိုးနေပါတယ်။

### ရန်မုန်သမျှတွန်းလှန်

ဘယ်လိုပဲအော်နေအော်နေ အင်အားတောင့်တင်းခိုင်မာပြီး စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိတဲ့ အစဉ်အလာကြီးမားတဲ့ မြန်မာ့တပ်မတော်သားတွေဟာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ တိုင်းပြည်ကို သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်နေကြသူတွေဖြစ်ပါတယ်။ ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောသလို အစွန်းအထင်းတွေလည်း ရှိတတ်ပါတယ်။ သိုးဖြူတစ်အုပ်မှာ သိုးမည်းတစ်ကောင်ပါလာတတ်သလို တပ်မတော်အပေါ် သစ္စာဖောက်တဲ့ သူအချို့ ရှိတတ်ပါတယ်။ တပ်မတော်ကို သစ္စာဖောက်ဖျက်ခဲ့တဲ့ ရဲဘော်သုံးကျိပ်ဝင် တပ်မှူးကြီးတစ်ဦးဟာ သမိုင်းမှာ မထင်မရှား တိမ်မြုပ်ကွယ်ပျောက် ခဲ့ရပါတယ်။ အခြားအဆင့်ဆိုလျှင်လည်း သစ္စာဖောက်သူတို့ သွားရာလမ်းအတိုင်း သွားကြရတဲ့ ရာဇဝင်ရှိပါတယ်။ တပ်မတော်ဟာ ဘယ်သူခွဲခွဲ သွေးမကွဲဘဲ ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်မုန်သမျှကို ပြောင်မြောက်စွာ တွန်းလှန်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၀ သို့ ✻

**တီမောသမ္မတဟာ သမ္မတအဆင့်နဲ့မဆီလျော်တဲ့ အရှက်မရှိတဲ့စကားတွေ ပြောခဲ့သလို သူ့ရဲ့နောက်ခံ သမိုင်းကြောင်းမှာလည်း မကောင်းတဲ့လုပ်ရပ်တွေ ရှိခဲ့ပါတယ်။ သူသမ္မတမဖြစ်မီ ၁၉၉၄ ခုနှစ်တုန်းက မြန်မာနိုင်ငံထဲကို တရားမဝင် ဝင်ရောက်လာပြီး သောင်းကျန်းသူနယ်မြေ ကရင်ပြည်နယ် မာနယ်ပလောမှာ နေထိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့အစိုးရအား ဆန့်ကျင်ခဲ့တဲ့သူတွေကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး သင်တန်းတွေပို့ချပေးခဲ့ပါတယ်။ ဒါကြောင့် သူဟာ မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို အစောကတည်းက ဝင်ရောက်ပြီး မြေခွေးလိုအကောက်ကြံ ကြံစည်အားထုတ်နေခဲ့တဲ့သူ တစ်ယောက်ဖြစ်ပါတယ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာနသို့ ကြည့်ရှုစစ်ဆေး



**ပန်းတနော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ရှိ လူထုအခြေပြုဗဟိုဌာနသို့ရောက်ရှိပြီး ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန်မှာကြားကာ လူထုအခြေပြုဗဟိုဌာနသို့လာရောက်လေ့လာကြသည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပန်းတနော်မြို့ရှိ ဦးသန့်စာကြည့်တိုက် အဆောက်အအုံသို့ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စွမ်းအင်ဖူလုံရေးနှင့် သဘာဝဓာတ်ငွေ့ရည်၏အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**



နိုင်ငံတော်၏ စွမ်းအင်ဖူလုံစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်နှင့် LNG ကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ စွမ်းအင်ဖူလုံရေးနှင့် သဘာဝဓာတ်ငွေ့ရည်၏အခန်းကဏ္ဍ (Energy Security and The Role of Liquefied Natural Gas – LNG) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ပပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ဖူလုံရေး (Energy Security) သည်အရေးကြီးကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေအား၊ ကျောက်မီးသွေး၊ နေရောင်ခြည်နှင့် ဇီဝလောင်စာတို့ကို အသုံးပြုနေကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် အဓိကစွမ်းအင်အရင်းအမြစ်ဖြစ်သည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစားထိုးသုံးစွဲရန်နည်းလမ်းများ စဉ်းစားရန်လိုအပ်ကြောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG)ကို Energy Mix အနေဖြင့် အချိုးအစားတစ်ခု ရောစပ်အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံ၏ စွမ်းအင်လုံခြုံမှု အထောက်အကူပြုနိုင်မည့်အခြေအနေများကို တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အားပေးအားမြှောက်ပြုလျက်ရှိရာ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်မှာ အရှိန်အဟုန်ဖြင့် တိုးမြင့်လာမည်ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ရည်(LNG)သည် နိုင်ငံတော်၏သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းရန် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ရောက်ရှိလာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် လိုအပ်သည့်မူဝါဒများ၊ အခြေခံအဆောက်အအုံများ လုပ်ငန်းအစီအမံများကြိုတင်ပြင်ဆင်ချမှတ်နိုင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ပညာရှင်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော LNG ကို တင်သွင်းအသုံးပြုရာတွင် လိုက်နာရမည့် Standard Code များ သတ်မှတ်သင့်သည့်အခြေအနေ၊ အနာဂတ် LNG demand & Supply အခြေအနေLNG တင်သွင်းနိုင်ရေး ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ GDP နှင့်စွမ်းအင်သုံးစွဲမှုချိတ်ဆက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံများ (Infrastructure) လိုအပ်မှုအခြေအနေ၊ ကမ္ဘာ LNG ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ဒေသတွင်း LNG ဈေးကွက်အခြေအနေ၊ မြန်မာနိုင်ငံတွင် LNG တင်သွင်းပါက Market Rule နှင့် Price Mechanism သတ်မှတ်ရန်လိုအပ်မှုအခြေအနေ၊ မိမိတို့နိုင်ငံအတွင်း LNG Infrastructure များတည်ဆောက်ထားရှိမှုအခြေအနေ၊ LNG မှ Cold Energy (အအေးစွမ်းအင်)ကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့်အခြေအနေ၊ မော်တော်ယာဉ်သုံး ဖိအားမြှင့်သဘာဝဓာတ်ငွေ့ (Compressed Natural Gas – CNG) များ တိုးမြှင့်သုံးစွဲနိုင်ရန် အထောက်အကူပြုမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်စီမံခန့်ခွဲမှုတွင် LNG ကဏ္ဍ၏ အရေးပါနိုင်မည့်အခြေအနေများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပညာရှင်က LNG သုံးစွဲခြင်းကြောင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုအခြေအနေ၊ အကျိုးအပြစ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အနာဂတ်မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့ရည်(LNG) တင်သွင်းအသုံးပြုခြင်းသည် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ LNG နှင့်ပတ်သက်သည့် နည်းပညာနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရန်လိုကြောင်း၊ ဆက်စပ်လုပ်ကိုင်ရမည့်ဌာနများနှင့်လည်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကို အသုံးချ၍ စွမ်းအင်ဆိုင်ရာရေရှည်အစီအမံများ ချမှတ်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး တက်ရောက်ဆွေးနွေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၉ မှ

ဒီလိုလုပ်ခဲ့တာဟာလည်း သူ့ရဲ့ဖြစ်စဉ်နဲ့ သူ့နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းတွေအပေါ်မှာ အကြောင်းခံပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံကိုချစ်တဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေနဲ့ တပ်မတော်သားတွေဟာ နွားမပေါင်ကျိုးကြီးသို့မဟုတ် အမြီးပြတ် မြေခွေးကြီးအဖြစ်ကို သိလိုက်ရရင် ဟားတိုက်ရယ်မောကြမှာဖြစ်ပါတယ်။ မဆီမဆိုင် မိမိနိုင်ငံကို ဝင်ရောက်စော်ကားတဲ့လုပ်ရပ်ကို ဒေါသဖြစ်ကြမှာ အမှန်ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်သားတွေကိုသွေးခွဲရန်တိုက်ပေးတဲ့၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားတဲ့ အနီသမ္မတကို ဝိုင်းဝန်းရှုတ်ချကန့်ကွက်ကြရမှာ ဖြစ်ပါတယ်။

**သံတမန်နှင့်ထုတ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တီမောနိုင်ငံနဲ့ သံတမန်ဆက်ဆံရေး ရပ်တန့်ပြီး သံအရာရှိကို မြန်မာနိုင်ငံမှ ပြီးခဲ့တဲ့ စက်တင်ဘာ ၁ ရက်က နောက်ဆုံးထား ထွက်ခွာခိုင်းခဲ့တာကို အားလုံးကြားသိကြရမှာ ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း အရှေ့တီမောနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာရော၊ အာဆီယံအသိုင်းအဝိုင်းမှာပါ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ မဟုတ်မမှန်သတင်းတွေ၊ တစ်ဖက်သတ် စွပ်စွဲချက်တွေ စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့် လိုအပ်တဲ့သံတမန်ရေးအရ တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ဒီနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရော၊ မြန်မာနိုင်ငံသူနိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကိုပါ ထိပါးလာတာဖြစ်တဲ့အတွက် အရေးယူ ဆောင်ရွက်ရခြင်းဖြစ်တယ်။ သမ္မတ ရာမို့စ်ဟော်တာဟာ ၂၀၀၇ ခုနှစ် စက်တင်ဘာလကတည်းက အာဆီယံမှာ တင်းပြည့်အဖွဲ့ဝင်ဖြစ်ဖို့ ကြိုးပမ်းခဲ့သော်လည်းပဲ ၂၀၂၂ ခုနှစ် မေလ ၂၀ ရက်နေ့ ၎င်း နောက်ထပ်သမ္မတသက်တမ်းတိုးပြီးတာတောင် တင်းပြည့်အဖွဲ့ဝင် မဖြစ်သေးပါဘူး။

**ဆိုးညစ်ယုတ်မာ**

တပ်မတော်သားတွေကို အဓိက သတင်းစကားပါးထားတဲ့ သွေးခွဲတဲ့ရုပ်သံဖိုင်ကို NUG အကြမ်းဖက်အဖွဲ့ကနေတစ်ဆင့် တီမောသမ္မတက မျှဝေဖန်တီးပေးလိုက်တာဖြစ်ပါတယ်။ ရုပ်သံဖိုင်မှာ နိုင်ငံတကာအသိုင်းအဝိုင်းတွေအနေနဲ့ မြန်မာစစ်ခေါင်းဆောင်တွေကို ဒဏ်ခတ်ပိတ်ဆို့ဖို့လည်း ထပ်မံတိုက်တွန်းထားပါတယ်။ မကြာခင် ကူးပြောင်းတော့မယ့် ၂၀၂၄ ခုနှစ်မှာ မြန်မာပြည်သူတွေ ဒီမိုကရေစီနဲ့ လွတ်လပ်ခြင်းတွေပြန်ရဖို့ ဝိုင်းဆုတောင်းပေးနေတယ်လို့လည်း သမ္မတ ဟိုဆေးရာမို့စ် ဟော်တာက သူတော်ကောင်းယောင်ဆောင်ပြီးပြောခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာရေးသူအမြင်အနေနဲ့ ပြောရမယ်ဆိုရင် တီမောသမ္မတဟာ သူ့နိုင်ငံရဲ့ အဖြစ်မျိုးလိုပဲ မြန်မာနိုင်ငံကို ဖြစ်စေလိုတဲ့ ဆိုးညစ်ယုတ်မာတဲ့ အကြံအစည်နဲ့လုပ်ဆောင်ခဲ့တဲ့ အမြီးပြတ်မြေခွေး သို့မဟုတ် ပေါင်ကျိုးနွားမကြီးလို့ ဆိုလိုက်ချင်ပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၀၂၃-၂၀၂၄) ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား ကျောင်းသူ များနှင့် ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်း ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကောင်းဆုံး ရှေ့တန်း ကစားသမားဆု၊ အကောင်းဆုံးအလယ်တန်း ကစားသမားဆု၊ အကောင်းဆုံး နောက်တန်းကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းကိုလည်း ကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ က ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစား ပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးဘောလုံးကွင်း များနှင့် အားကစားရုံများ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၅





အလုပ်သမားဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး များ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက် ကြသည်။

## ကြိုးစားလေ့လာ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား များအနေဖြင့် သင်ခန်းစာများကို မိမိလုပ်ငန်းခွင် တွင် စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်လည် အသုံးချတတ်စေရန် ကြိုးစားလေ့လာကြစေလို ကြောင်း၊ လျှပ်စစ်သွယ်တန်းသင်တန်းဆင်းများ အနေဖြင့် NSSA ၏ လျှပ်စစ်စစ်ဆေးအကဲဖြတ်ခြင်း တွင် မိမိတို့ကျွမ်းကျင်မှုအလိုက် အသိအမှတ်ပြု လက်မှတ်များရရှိအောင် ဝင်ရောက်ဖြေဆိုနိုင် ကြောင်းနှင့် ဖြေဆိုလိုပါက NSSA အနေဖြင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စစ်ဆေး အကဲဖြတ်ရေး ကုန်ကျစရိတ်များကို နိုင်ငံတော်က ကျခံပေးနေသောကြောင့် ကုန်ကျစရိတ်မရှိ အခမဲ့ ဝင်ရောက်ဖြေဆိုနိုင်ကြောင်း၊ NSSA ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် လုပ်သား၏ ကျွမ်းကျင်မှုကို မိမိနိုင်ငံတွင်သာမက အခြားနိုင်ငံရှိ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကပါ အသိအမှတ်ပြုလာ ကြောင်း၊ အသိအမှတ်ပြုလက်မှတ်ရ လုပ်သားများ အနေဖြင့် အလုပ်အကိုင်ရရှိခြင်း၊ လုပ်ခလစာများ တိုးမြှင့်ရရှိခြင်း၊ လုပ်ငန်းခွင်တည်မြဲခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သင်တန်းသားထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ် နှင့် သင်တန်းနည်းပြဆရာ ဆရာမတို့အား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ကြသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ဆယ်လ်မာ အွန်ဒုန်ခန်းမတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၅ ရက် အထိ သင်တန်းသား ၂၃ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ ခြင်းဖြစ်သည်။

အလုပ်သမား ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လျှပ်စစ် သွယ်တန်းသင်တန်းအပြင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း သင်တန်း များဖွင့်လှစ်ခြင်း၊ လုပ်သားများ၏ ကျွမ်းကျင်မှု အလိုက် စစ်ဆေးအကဲဖြတ်ပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

## နေ့လယ်စာအတူတကွ သုံးဆောင်

ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စု ဝန်ကြီး ဦးမြင့်နောင်သည် အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မှ အရာထမ်း၊ အမှုထမ်းများနှင့် နေ့လယ်စာအတူ တကွ သုံးဆောင်သည်။

နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်း များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား ရာတွင် နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန် သိစိတ်ဖြင့် ဆောင်ရွက်နေကြ သော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုကြောင်းနှင့် ဝန်ကြီး ဌာန၏ မူဝါဒနှင့် ရည်မှန်းချက်တာဝန်များ ကျေပွန် စွာတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို အသိအမှတ်ပြုသည့်အတွက် နေ့လယ်စာမိတ်ဆုံ စားပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများသည် အရာထမ်း/အမှုထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများအစည်းအဝေးရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၂၆) ကြိမ်မြောက် မဟာမဲခေါင် ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဦးဆောင်၍ နေပြည်တော်ရှိ Grand Amara Hotel ၌ ယနေ့ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို အလွတ်သဘောအစည်းအဝေးနှင့် မျက်နှာစုံညီအစည်းအဝေး အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပခဲ့ပြီး အလွတ်သဘောအစည်းအဝေး၌ ဂျီအမ်အက်စ်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှု မဟာဗျူဟာရေးဆွဲရေးနှင့် ဒေသခွဲအတွင်း ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး စသည့် ခေါင်းစဉ်နှစ်ခုအပေါ် တက်ရောက်လာသည့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**ဆွေးနွေး**

ပထမခေါင်းစဉ် ဖြစ်သည့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာရေးဆွဲရေး (Preparation of a Innovation Strategy for GMS 2030) နှင့်စပ်လျဉ်း၍ သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဦးဆောင်ဆွေးနွေးပြီး အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက မဟာဗျူဟာအတွက် လျာထားသည့် ရည်မှန်းချက်များ၊ လုပ်ဆောင်မည့် နယ်ပယ်နှင့် ဦးစားပေး ကိစ္စရပ်များအပေါ် လမ်းညွှန် အကြံပြုမှုများနှင့် ဂျီအမ်အက်စ်မဟာဗျူဟာ အနေဖြင့် နိုင်ငံအလိုက်ဆောင်ရွက်နေသည့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယခေါင်းစဉ် ဖြစ်သည့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း ဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး (Strengthening the Engagement of the Local Government in GMS) နှင့် စပ်လျဉ်း၍ သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိတ်ဆက်ရှင်းလင်းတင်ပြသည်။

အဆိုပါခေါင်းစဉ်နှင့် စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခေါင်းဆောင်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြရာတွင် ဂျီအမ်အက်စ် အစီအစဉ်ကို Local Government များ အပါအဝင် အခြားပါဝင်ဆက်နွှယ်သူများ (Stakeholders) အားလုံးပါဝင်သော ပွင့်လင်းသည့်ပုံစံ (Inclusive and Open Platform) အဖြစ်ဖော်ဆောင်ရေးနှင့် ပိုမိုတက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်စေရေးအတွက် ဂျီအမ်အက်စ်အစီအစဉ်အောက်တွင် လက်ရှိဒေသန္တရအစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများကို အကဲဖြတ်သုံးသပ်ခြင်းဖြင့် ပိုမိုအားကောင်း ခိုင်မာစေမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရန်လိုအပ်ကြောင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဂျီအမ်အက်စ်အစီအစဉ်သည် ဆယ်စုနှစ် သုံးခုကျော်ကာလတိုင်အောင် ပေါင်းစည်းလုပ်ဆောင်မှုများဖြင့် လက်တွဲဆောင်ရွက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ အားကောင်းခိုင်မာပြီး စည်းလုံးညီညွတ်မှု အင်အားတို့ကို ရည်ညွှန်းဖော်ဆောင်သည့်အနေဖြင့် ယခုနှစ်အစည်းအဝေးကို "အနာဂတ်ကာလတွင် မျှဝေခံစားမှုနှင့်အတူ ခံနိုင်ရည်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးအတွက် ခိုင်မာပြီး စည်းလုံးညီညွတ်သည့် မဲခေါင်ဒေသခွဲ အသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် သဘာပတိဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အခြား ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကား ပြောကြားကြသည်။

**ဖတ်ကြားတင်ပြ**

အစည်းအဝေးတွင် ဂျီအမ်အက်စ် အစီအစဉ်၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ယခုကျင်းပသည့် ဝန်ကြီးများအစည်းအဝေး၌ အတည်ပြုရန်နှင့် မှတ်တမ်းတင်ရန်ရှိသည့် အကြောင်းအရာများပါဝင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးအစီရင်ခံစာကို မဟာမဲခေါင်ဒေသခွဲ အဆင့်မြင့်အရာရှိများ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က ဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခေါင်းဆောင်များထံ ဖတ်ကြားတင်ပြခြင်း၊ ဂျီအမ်အက်စ်စီးပွားရေးကောင်စီများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၏ တိုးတက်မှုနှင့် လက်ရှိဆောင်ရွက်မှုများ ပါဝင်သည့် အစည်းအဝေးအစီရင်ခံစာကို ဂျီအမ်အက်စ်စီးပွားရေးကောင်စီ သဘာပတိကဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ် ခေါင်းဆောင်များထံ ဖတ်ကြားတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဂျီအမ်အက်စ်ဝန်ကြီး/ဒုတိယဝန်ကြီးများနှင့် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ် ခေါင်းဆောင်များက ဂျီအမ်အက်စ်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှု မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်းကို အတည်ပြုကြပြီး ဒေသခွဲအတွင်း ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းရေး တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ လေ့လာချက်၊ ဂျီအမ်အက်စ် အစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးဆိုင်ရာလေ့လာချက်နှင့် ဂျီအမ်အက်စ်ဒေသခွဲတွင်ဒေသန္တရအစိုးရအချင်းချင်းချိတ်ဆက် ဆောင်ရွက်မှု အားကောင်းခိုင်မာရေးဆိုင်ရာ လေ့လာချက်တို့ကို အသိအမှတ်ပြု မှတ်တမ်းတင်ကြသည်။

အစည်းအဝေးအတွင်း ဂျီအမ်အက်စ်ဝန်ကြီးများ ပူးတွဲကြေညာချက် (Joint Ministerial Statement) အပေါ် အပြီးသတ်ဆွေးနွေး အတည်ပြုခဲ့ကြပြီး အစည်းအဝေး အပြီးတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေဧည့်ခံသည်။

ထို့နောက် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် နေပြည်တော်တွင် တည်ထားကိုးကွယ်သည့် မာရဝိဇယဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ ကျောက်မျက်ပြတိုက်သို့ သွားရောက်လေ့လာခြင်း၊ ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်ဘုရားတို့သို့ သွားရောက် ဖူးမြော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၂၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့မှ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Nut Unvoanra ဦးဆောင်ပြီး အဖွဲ့ဝင်သုံးဦး၊ တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Lu Jin ဦးဆောင်ပြီး အဖွဲ့ဝင်ခုနစ်ဦး၊ လာအိုနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ Mme. Phonevanh Outhavong ဦးဆောင်ပြီး အဖွဲ့ဝင်လေးဦး၊ ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကောင်စီရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Wanchat Suwankitti ဦးဆောင်ပြီး အဖွဲ့ဝင် ၁၁ ဦး၊ ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ Mr. Tran Quoc Phuong ဦးဆောင်ပြီး အဖွဲ့ဝင်ငါးဦး ပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့များ၊ မဲခေါင်သိပ္ပံ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အွန်လိုင်းစနစ်ဖြင့်ကျင်းပခဲ့**

(၂၆)ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများ အစည်းအဝေး ကျင်းပရေးနှင့် စပ်လျဉ်းသည့် အဆင့်မြင့်အရာရှိများ၏ ညှိနှိုင်းအစည်းအဝေးများကိုလည်း ယခုနှစ် ဇွန်၊ အောက်တိုဘာနှင့် နိုဝင်ဘာတို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူးလျက် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ဂျီအမ်အက်စ် အစီအစဉ်နှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီး အစည်းအဝေး၊ ၂၀၁၂ ခုနှစ်တွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖိုရမ်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ် (၂၀) မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးနှင့် ၂၀၁၈ ခုနှစ်တွင် (၁၀) ကြိမ်မြောက် ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများဖိုရမ်တို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် ဇွန်လတွင် (၆)ကြိမ်မြောက် ဂျီအမ်အက်စ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် နိုဝင်ဘာတွင် (၅၂) ကြိမ်မြောက် ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတို့ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မင်္ဂလာဒုံမြို့နယ် ရပ်၊ကျေး (၁၆) ခုမှ ပြည်သူ ၄၁၁ ဦး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက် (၁၀) ခုမှ ပြည်သူ ၄၅၀၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ရပ်ကွက် သုံးခုမှ ပြည်သူ ၃၄၃ ဦး၊ လမ်းမတော်မြို့နယ် ရပ်ကွက် ၁၃ ခုမှ ပြည်သူ ၄၅၄ ဦး စုစုပေါင်းပြည်သူ ၁၆၅၈ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေး လေ့လာခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၁၈ ရက်တွင် ရွှေပြည်သာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် လမ်းမတော်မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် ပြည်ပ၌ ဖွင့်လှစ်ပို့ချသည့် သင်တန်းများတွင်သာမက ပြည်တွင်းသင်တန်းများတွင်လည်း ထူးချွန်စွာပြီးမြောက်အောင် ကြိုးစားကြရန်၊ ကုန်သွယ်မှုမူဝါဒများကို သိရှိနားလည်ပြီး အလေးထားလိုက်နာ ဆောင်ရွက်ကြရန်၊ အရည်အချင်း(Skill) ပြည့်ဝအောင်ဆောင်ရွက်ရန်၊ ယုံကြည်မှု(Trust) ရရှိအောင်တည်ဆောက်ရန်၊ ပူးပေါင်းပါဝင်မှု (Cooperation)အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်ရန်၊ Digital Trade နှင့် E-commerce ပညာရပ်များကို မျက်ခြည်မပြတ် လေ့လာမှတ်သားဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆွေးနွေးပွဲတွင် စင်ကာပူသမ္မတနိုင်ငံ၌ နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာသင်တန်းသို့ တက်ရောက်ခဲ့သည့် ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆုလှိုင်က "ဒစ်ဂျစ်တယ်ကုန်သွယ်ရေးမှသည် ဒစ်ဂျစ်တယ်စီးပွားရေးဆီသို့"ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး ညွှန်ကြားရေးမှူး ဦးညီညီအောင်က ထပ်မံဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများဖြစ်သော အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၇)တွင် သင်တန်းသူစံပြဆု၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၆)တွင် သင်တန်းသား ဒုတိယဆု၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၆)တွင် သင်တန်းသား ဒုတိယဆု၊ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၉၆)တွင် သင်တန်းသားသေနတ်ပစ်ထူးချွန်ဆုနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၇)တွင် အဆင့်(၄) ရရှိခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီအစည်းအဝေး(၂/ ၂၀၂၃) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်၊ ကောင်စီဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင်ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျပြီး အရေးပါသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ (Insolvency Practitioner-IP)၏ အတွေ့အကြုံကာလနှင့် လိုက်နာရမည့် ကျင့်ဝတ်သတ်မှတ်မှုများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် လုပ်ထုံးလုပ်နည်းများ(SOP) ထုတ်ပြန်နိုင်ရေးနှင့် ဥပဒေ၊ နည်းဥပဒေများအရ ပုံစံ သို့မဟုတ် စာရွက်စာတမ်းတင်ပြရန် အခကြေးငွေသတ်မှတ်မှုအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ သို့မှသာ IP များအနေဖြင့် ဥပဒေပါရာထူးတာဝန်များကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေး လုပ်ငန်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း။

သို့ပါ၍ ကောင်စီဝင်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ အကြံပြုချက်များဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် ဥပဒေ၏ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေး၊ ဥပဒေ၊ နည်းဥပဒေ သိရှိလိုက်နာမှုအားကောင်းစေရေး၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာမှု မြင့်မားစေရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြ စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်များနှင့် တက်ရောက်လာသူများက ယခင်အစည်းဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအတွက် လုပ်ငန်းအတွေ့အကြုံကာလနှင့် ကျင့်ဝတ်ဆိုင်ရာသတ်မှတ်မှုများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်ဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (SOP)နှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းအတွက် ပုံစံနှင့် အခကြေးငွေသတ်မှတ်မှုအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လယ်ဝေးမြို့နယ် ဗွက်ကြီးရိုးကုန်ထုတ်လမ်း ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရိုးပင်ကျေးရွာသို့ သွားရောက်၍ ရိုးပင်-အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား ပေ ၈၄၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ပြီးစီးချိန်၌ စစ်တောင်းမြစ်အတွင်း သွားလာနေသော စက်တပ်ရေယာဉ်များ ရေလမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



**ဖြတ်သန်းသွားလာ အသုံးပြုနိုင်မည်**

ယင်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ချဉ်းကပ်လမ်းကတ္တရာခင်းခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ မြေသားတာပေါင်တင်၍ ကျောက်ရောမြေခင်းကြိတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မတ်လတွင် ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါတံတားတည်ဆောက်ပြီးစီးပါက လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် အခြားသော လူမှုရေးကိစ္စများအတွက် ဖြတ်သန်းသွားလာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အိမ်ခြေ ၁၆၀၊ လူဦးရေ ၆၈၅ ဦးရှိ ဗွက်ကြီးရိုးကျေးရွာမှ တောင်သူ ၄၀ စိုက်ပျိုးမြေဧက ၃၀၀ အကျိုးပြုသည့် ကုန်ထုတ်လမ်း ပေ ၃၀၀၀ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေကာကျေးရွာအုပ်စု ဗွက်ကြီးရိုး၊ ရေကာ၊ သဖန်းပင်၊ ဘိုကတော်၊ ဇီးဖြူတန်း၊ ရှမ်းရွာ ခြောက်ရွာတို့မှ တောင်သူများနှင့် တွေ့ဆုံကာ ဒုတိယဝန်ကြီးက ကျေးရွာအလိုက် စိုက်ပျိုးရေး သမဝါယမအသင်းများ ဖွဲ့စည်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပါဝင်စိုက်ပျိုးကြရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊ ဆီထွက်သီးနှံစိုက်ပျိုးရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဦးစီးဌာနအလိုက် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများ ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင် ပြည်သူ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျာသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု မဟုတ်မမှန် ဝါဒဖြန့်ဝေလျက်ရှိ







နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင် ပြည်သူ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျာသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit Media က မဟုတ်မမှန်သတင်းရေးသား၍ လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နမ့်ခမ်းမြို့နယ်ရှိ ဇေယျာသုခဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသည့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၃ ရက်တွင် တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုမရှိကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ ဒေသခံပြည်သူလူထု ထိခိုက်နစ်နာစေမည့် လုပ်ရပ်များကို မည်သည့်အခါမျှ လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်းနှင့် အကြမ်းဖက်အားပေး မီဒီယာများအနေဖြင့် ဒေသခံပြည်သူများ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးသူများကို နေ့စားခပေးပြီး လုံခြုံရေးအတွက် အသုံးပြုနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးထောက်ခံသူများကို ဒီဇင်ဘာလ ပထမပတ်မှစပြီး နေ့စားခပေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးဆောင်ရွက်ရန်အတွက် အသုံးပြုနေကြောင်း၊ ရပ်ကွက်တစ်ခုလျှင် အနည်းဆုံး ငါးယောက်ထက်မနည်း ငှားရမ်းထားပြီး တစ်ရက်လျှင် ငွေကျပ် သုံးသောင်းပေးကာ လက်နက်နှင့် လက်ကိုင်တုတ်များလည်း ထုတ်ပေးထားရှိကြောင်း လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တပ်တွင်းသတင်းအရင်းအမြစ်များ၏ ပြောကြားချက်များအရ မှန်ကန်မှုမရှိကြောင်း သိရသည်။ ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက်များကို အသုံးပြု၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းတု၊ သတင်းအမှားများကို ကြိမ်ဖန်များစွာ ရေးသားဖြန့်ဝေ၍ လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၂၉၀၊ အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၃၆၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက် အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၆၈၅ ဦး၊ အမျိုးသမီး ၁၃၆၃ ဦး စုစုပေါင်း ၁၂၀၄၈ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၅၁၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ သိမ်းဆည်းရမိ



မအီလာ အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၅၁၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေလေလန်ကျေးရွာအနီးတွင် မအီလာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ပလတ်စတစ်လက်ဆွဲအိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၄ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မအီလာ(၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wai Phyo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရွှေပေါက်ပင်ရပ်ကွက်နေ ဝေဖြိုးအောင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း “Thidar Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ဒိုးတန်းကျေးရွာနေ သီတာမိုးအား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီနေမှုများအပေါ် အနောက်အုပ်စုအားကိုးမီဒီယာများနှင့် အနောက်အုပ်စုအားကိုးအဖွဲ့များ၏ ဝေဖန်ချက်အမျိုးမျိုးဖြင့် ထုတ်လွှင့်ပြောဆိုနေမှုများ ၁၅-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့ ကျွန်တော်ယခင်နေ့ကပြောထားတဲ့အတိုင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီမှုရှိခဲ့ပါတယ်။ ဒီကူညီမှုနဲ့ပတ်သက်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဆောင်ရွက်ခဲ့တယ်၊ သဘောတူခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုထုတ်ဖော်ပြောကြားပြီးနောက်ပိုင်းမှာတော့ ထုံးစံအတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးကိုမလိုလားတဲ့ အနောက်အုပ်စုမီဒီယာတွေနဲ့ အနောက်အုပ်စုအားကိုးအဖွဲ့တွေရဲ့ ဝေဖန်ချက်တွေ၊ အင်တာဗျူးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအဖွဲ့တွေက ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ။ သူတို့အနေနဲ့ကတော့ ဘယ်တော့မှ မြန်မာနိုင်ငံငြိမ်းချမ်းမှာကို လိုလားမှာမဟုတ်ပါဘူး။ တရုတ်-မြန်မာ နယ်စပ်ဒေသငြိမ်းချမ်းမှာကို လိုလားမှာမဟုတ်ပါဘူး။ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဘယ်တော့မှ လိုလားမှာမဟုတ်ပါဘူး။ ဒါကြောင့် ဝေဖန်ချက်အမျိုးမျိုးနဲ့ ထုတ်လွှင့်နေတာမျိုးကိုတွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံအပေါ်မှာကော၊ တရုတ်နိုင်ငံအပေါ်မှာကော ဝေဖန်မှုပြင်းပြင်းထန်ထန် လုပ်နေတာကိုတွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ရင် မြန်မာ့ကောင်းကျိုး၊ မြန်မာ့ငြိမ်းချမ်းရေးအကျိုးကိုလိုလားတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့




ပြောပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပေါ်မှာပဲမူတည်ပြီး ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မည်သို့သောတိုက်ခိုက်မှုတွေရှိပါစေ၊ မည်သို့သောဝေဖန်မှုတွေရှိပါစေ အဓိကကတော့ ကျွန်တော်တို့ ပြည်သူပြည်သားတွေ ငြိမ်းချမ်းစွာ နေထိုင်နိုင်ဖို့ပဲအရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေ အေးချမ်းစွာနေထိုင်နိုင်ဖို့ပဲ အရေးကြီးပါတယ်။ တိုက်ပွဲတို့၊ စစ်ပွဲတို့ဆိုတဲ့ ပဋိပက္ခတွေကို အဲဒီဒေသမှာနေတဲ့ တိုင်းရင်းသားပြည်သူ၊ အဲဒီဒေသမှာနေတဲ့သူတွေပိုပြီး အနိဋ္ဌာရုံခံစားရတာ ဖြစ်ပါတယ်။ ပြည်ပကနေအော်နေတဲ့၊ အနောက်နိုင်ငံအားကိုးပြီး ပြည်ပမှာ ထွက်ပြေးနေတဲ့သူတွေကတော့ အရိပ်ထဲကနေ အော်နေတာပဲဖြစ်ပါတယ်။ တကယ့်လက်တွေ့ခံစားနေရတာက ကျွန်တော်တို့ပြည်သူတွေပဲဖြစ်ပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ထီးချိုင့်ဘက်မှာ သူတို့အခြေပြုပြီးတော့ ထီးချိုင့်မြို့ကို အမြဲတမ်းတိုက်ခိုက်နေတဲ့ ရန်သူ့အခြေပြုနေရာတစ်ခုကို ကျွန်တော်တို့သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် ဆက်လက်ပြီးဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရ၊ ငြိမ်းချမ်းရေးရဲ့ အကျိုးရလဒ်၊ ငြိမ်းချမ်းရေးနဲ့အတူပါလာမယ့် ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးကို ခံစားနိုင်အောင် ဦးတည်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## တိုက်ကြီးမြို့၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**တိုက်ကြီး ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (တိုက်ကြီး)၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးအောင်က လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က လူငယ်နှင့်ပညာ၊ ဒုတိယအလယ်တန်းပြ ဆရာမ ဒေါ်နှင်းနှင်းကျော်က လူငယ်နှင့်စာရိတ္တအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၇၅ | ၂၅၇၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၂၉၀၀ |
| 95 Ron | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၀၀ | ၂၅၇၅ | ၂၆၇၅ | ၂၆၉၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၇ | ၂၄၀၇ |
| 95 Ron | ၂၄၂၄ | ၂၅၀၆ |
| HSD (500 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (50 ppm) | ၂၁၂၉ | ၂၂၀၁ |
| HSD (10 ppm) | ၂၁၃၃ | ၂၂၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## သစ်တောပျိုးပင်များပျိုးထောင်ခြင်း နည်းစနစ်အဆင့်ဆင့် အသိပညာပေး လက်တွေ့သရုပ်ပြဆွေးနွေး

**ရမည်းသင်း ဒီဇင်ဘာ ၁၅**

ရမည်းသင်းမြို့ပေါ်ရှိ အခြေပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများကို သစ်တောပျိုးပင်များပျိုးထောင်ခြင်း နည်းစနစ်နှင့် ပျိုးဥယျာဉ်လုပ်ငန်း အဆင့်ဆင့်ပြုလုပ်နည်း လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ရမည်းသင်းခရိုင်/မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းအတွင်းရှိ မြို့မလူထုဖြန့်ပျိုးဥယျာဉ်၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစေရေး သစ်တောသစ်ပင်များ ရှင်သန်အောင်ပြုစုပျိုးထောင်စိုက်ပျိုးရေး အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်သစ်တောဦးစီးမှူးနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူများအား ပျိုးပင်စိုက်ပျိုးနိုင်ရေး မျိုးစေ့ပျိုးထောင်ခြင်းနှင့် မြေစပ်ခြင်း၊ အိတ်ဖောက်ခြင်း၊ ပျိုးကူးခြင်းနှင့် ပြုစုပျိုးထောင်ခြင်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်ရာ မြို့မပျိုးဥယျာဉ်အတွင်း ကျွန်း ၁၅၀၀၀၊ မဲဇလီပင် ၄၀၀၀၊ ယူကလစ်ပင် ၅၀၀၀၊ ငုရွှေဝါပင် ၃၀၀၀၊ ပိတောက်ပင် ၃၀၀၀၊ ရင်းမာပင် ၄၀၀၀၊ စိန်ပန်းပင် ၃၀၀၀၊ မဟော်ဂနီပင် ၃၀၀၀၊ ပျဉ်းမပင် ၅၀၀၊ တပေဘူတပင် ၆၅၀၀၊ ရေတမာပင် ၃၀၀၀ စုစုပေါင်းပျိုးပင် ၅၀၀၀၀ ပျိုးထောင်စိုက်ပျိုးထားခြင်းကို လက်တွေ့ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# (၇၆)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၆)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဖေယျုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်အရှင်မြတ်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာဖေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာဖေယျုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ဆုတောင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်အရှေ့ဘက်ရှိ ရေကြည်တော်ဝတ်အသင်းတန်ဆောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူ၊ အပြည်ပြည်ဆိုင်ရာ Belt and Road ဥက္ကဋ္ဌ Mr. Chen Entian ၊ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းထွန်းစိုးတို့က ဆုတောင်းမေတ္တာပို့သစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးတစ်သောင်းကို စေတီတော်ရင်ပြင်ပတ်လည်ရှိ ဆီမီးခုံများ၌ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြပြီး ဆုတောင်းမေတ္တာပို့သကြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ (International Day Of the Belt and Road)နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် သက်ဆိုင်သည့် နိုင်ငံများတွင် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယနေ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ဆုတောင်းပွဲသည် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာတစ်ဝန်း အေးချမ်းသာယာရေးအတွက်လည်းကောင်း ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်း၊ ဒါရိုက်တာအကယ်ဒမီ ပန်းချီဦးစိုးမိုး၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသာကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ပြည်ထောင်စုနယ်မြေ ဗဟိုစာရင်းအင်းအဖွဲ့ရုံးနှင့် နေပြည်တော်ကောင်စီ စီမံကိန်းဦးစီးရုံးသို့ သွားရောက်စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၅

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်ထောင်စုနယ်မြေ ဗဟိုစာရင်းအင်းအဖွဲ့ရုံးနှင့် နေပြည်တော် စီမံကိန်းဦးစီးရုံးများကို သွားရောက်စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဗဟိုစာရင်းအင်းအဖွဲ့ရုံးသို့ ရောက်ရှိပြီး အခြေခံစာရင်းများ စုစည်းရယူထားရှိရန်၊ စာရင်းကောက်ယူရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ စာရင်းအင်းအချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှုကို စိစစ်ဆောင်ရွက်သွားရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ စာရင်းကောက်ယူမှုများကို မြေပြင်နှင့် ကိုက်ညီပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး စုဖွဲ့လေ့ကျင့်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုမူနေထိုင်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စီမံကိန်းဦးစီးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် စနစ်တကျသုံးသပ်ဆောင်ရွက်သွားရန်နှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များ၏ စီမံကိန်းများရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အဓိကဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်များတွင် စနစ်တကျ ထည့်သွင်းနိုင်ရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ နိုင်ငံ့ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်း/လုပ်ငန်းစီမံကိန်းများအတွက် စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်၊နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ သိရှိလိုက်နာဆောင်ရွက်သွားရန်တို့ကို လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်



❖ ရန်ကုန်-မန္တလေးမှ

လူစီးအမြန် ရထားလေးစင်း၊ လူစီးကုန်တင် ရထားနှစ်စင်းနှင့် ကုန်ရထားခြောက်စင်းတို့ ပြေးဆွဲမှုရပ်နားခဲ့ရပြီး ရထားစီးခရီးသည်များကို မော်တော်ယာဉ်များ စီစဉ်၍ ရန်ကုန်ဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးနှင့် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများက စက်ခေါင်းနှင့်တွဲများကို ပြန်လည်မတင်ခြင်း၊ လမ်းပိုင်းပြုပြင်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ နေ့ရောညပါ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လမ်းပိုင်းကြံ့ခိုင်မှုနှင့် လုံခြုံရေးများ စိစစ်ဆောင်ရွက်ပြီး ယနေ့ညနေပိုင်းမှစတင်၍ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် အမှတ် (၃) အဆန်၊ အမှတ်(၅) အဆန်နှင့် မန္တလေးဘူတာကြီးမှ ထွက်ခွာမည့် အမှတ်(၄)အစုန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားများအပြင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကုန်ရထားများနှင့် အခြားရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှ အဆက်)**

( ခ ) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(က) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို တာဝန်ယူကြီးကြပ်ခြင်း၊”

( ဂ ) နည်းဥပဒေခွဲ (ခ) ၌ ပါရှိသော “ဆေးဝါးသုံးစွဲသူမှတ်ပုံတင်ဌာနနှင့်” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည်–

“၁၂။ တာဝန်ခံဆရာဝန်သည် ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပြုစုပြီး ဗဟိုအဖွဲ့နှင့် ဆေးကုသရေးအဖွဲ့သို့ အစီရင်ခံရမည်။”

၁၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည်–

“၁၃။ (က) ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ ဆရာဝန်တစ်ဦးဦးသည် ၎င်းထံသို့ ဆေးဝါးကုသရန် ရောက်ရှိလာသော ဆေးဝါးသုံးစွဲသူကိုတွေ့ရှိလျှင် သက်ဆိုင်ရာဆေးဝါးသုံးစွဲသူ ကုသရေးဌာနသို့ သွားရောက်ကုသရန် ညွှန်ကြားပေးရမည်။

( ခ ) ဆေးဝါးသုံးစွဲသူကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသပေးလျှင် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။ သို့ရာတွင် ဆေးစွဲလူနာတစ်ဦးအား အရေးပေါ်အသက်ကယ်ကုသခြင်းနှင့် မသက်ဆိုင်စေရ။”

၁၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(ဂ) ပြန်လည်ထူထောင်ရေးသင်တန်းတက်ရောက်ပြီးသူများအား ၎င်းတို့တတ်စွမ်းသည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆေးဝါးပြန်လည်သုံးစွဲမှု မဖြစ်ပေါ်ရေးအတွက် ဆက်လက်စောင့်ရှောက်ခြင်း၊”

၁၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၇ တွင်–

(က) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

( ခ ) နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် နည်းဥပဒေခွဲ (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(င) ဥပဒေပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့ဆောင်ရန် သက်ဆိုင်ရာမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) ဆေးဝါးသုံးစွဲသူအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။”

၁၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၇ ၏နောက်တွင် နည်းဥပဒေ ၁၇–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

“၁၇–က။(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်သော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ရန် လိုအပ်ပါက မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။”

(ခ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ဖြစ်စေ၊ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (င) အရဖြစ်စေ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ပို့ဆောင်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။”

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ အခန်း (၃)၊ ပြန်လည်ထူထောင်ခြင်းအခန်းတွင်ပါရှိသော မူလနည်းဥပဒေ ၁၈ ကို ပယ်ဖျက်ရမည်။

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ အခန်း (၃) ၏ နောက်တွင် အခန်း (၃–က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၁၈ နှင့် ၁၈–က တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“အခန်း (၃–က)**

**လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း**

၁၈။ (က) ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် ဆေးဝါးသုံးစွဲသူလိုက်နာရမည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို စခန်းအလိုက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထုတ်ပြန်နိုင်သည်။

( ခ ) ဆေးဝါးသုံးစွဲသူသည် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း စခန်းကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရမည်။

( ဂ ) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်ခြင်းပြုလုပ်ပေးရမည့်ကာလကို ခြောက်လသတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) ပြန်လည်ထူထောင်ရေးစခန်းသို့ပို့အပ်ထားသောဆေးဝါးသုံးစွဲသူအားပြန်လည်ထူထောင်ရေးကာလအတွင်း ဆေးကုသမှုနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၈–က။ (က) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် စခန်းကထုတ်ပြန်ထားသော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ဆေးဝါးသုံးစွဲသူကို ၎င်းဖောက်ဖျက်သော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်များဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

( ခ ) တရားရုံးသည် လျှောက်ထားခြင်းခံရသူအား လူမှုအကျိုးပြုလုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် သတ်မှတ်ထားသည့်နေရာ၌ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အခမဲ့လုပ်ဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

( ဂ ) အမိန့်ချမှတ်ခြင်းခံရသူသည် တရားရုံးကချမှတ်သည့် လူမှုအကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်း၌နေထိုင်ရမည့် ကာလပြီးဆုံးသည့်နေ့၏ နောက်ရက်တွင် စတင်ဆောင်ရွက်ရမည်။

(ဃ) တရားရုံးသည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ စာဖြင့်အကြောင်းကြားရမည်။

( င ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့်ဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

( စ ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို ကြီးကြပ်ရန် တာဝန်ပေးအပ်ခံရသည့်ဌာနသည် တရားရုံးက အမိန့်ချမှတ်ခြင်းခံရသူ၏ လုပ်ဆောင်ရမည့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။”

၂၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–

“၂၁။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ပြစ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် ဆေးဝါး သို့မဟုတ် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကိုထားရှိကြောင်း သို့မဟုတ် လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်ကို ရှာဖွေရန်–

(က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ရှာဖွေရေးအရာရှိအား ရှာဖွေအမိန့်ထုတ်ပေး၍ ရှာဖွေစေနိုင်သည်–

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် သို့မဟုတ် မှုခင်းနှင့်ဥပဒေရေးရာဌာနကြီးမှ ဌာနကြီးမှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊

(၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အတွက်ဖြစ်လျှင် ကွပ်ကဲရေးမှူး သို့မဟုတ် ဒုတိယကွပ်ကဲရေးမှူး သို့မဟုတ် ကွပ်ကဲမှုအဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၃) မှုခင်းရဲတပ်ဖွဲ့နှင့် သတင်းရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၄) အကောက်ခွန်ဦးစီးဌာနအတွက်ဖြစ်လျှင်–

(ကက) ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် ညွှန်ကြားရေးမှူး၊

( ခခ ) ကျန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးစိုက်ရာမြို့များနှင့် နေပြည်တော်တွင် ညွှန်ကြားရေးမှူး၊

( ဂဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူးရုံးစိုက်ရာမြို့မဟုတ်သည့် မြို့နယ်များတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊

(၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဌာနမှူး(တားဆီး) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး တာဝန်ထမ်းဆောင်သူအရာရှိ၊

(၆) ရထားရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၇) ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်တာဝန်ပေးသော ပြန်တမ်းဝင်အရာရှိအဆင့်ထက်မနိမ့်သောအရာရှိ။”

( ခ ) ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် သွားလာရေးခက်ခဲသော သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ရှာဖွေအမိန့်ရယူရန် ခက်ခဲနိုင်သောဒေသနှင့် သတ်မှတ်ကာလအတွင်းတွင် ရဲအုပ်အဆင့်အောက်မနိမ့်သည့် စခန်းမှူးသည် ရှာဖွေအမိန့်မပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်။

၂၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၆ တွင်–

(က) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(က) ရှာဖွေရေးအရာရှိသည် တွေ့ရှိသည့်ဆေးဝါးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆေးဝါးများကိုထုတ်လုပ်ရာ၌ အသုံးပြုသည့်ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများကို သက်သေများရှေ့တွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး ချိန်တွယ်ရာတွင် ထုပ်ပိုးခွံမပါဘဲ အသားတင်အလေးချိန်ကိုသာ မှတ်သားဖော်ပြရမည်။ ထို့နောက် ယင်းသက်သေများရှေ့တွင် အဆိုပါ ဆေးဝါးများ၊ ဓာတုပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးအတွက် နမူနာထုတ်ယူရမည်၊”

**(ဆက်လက်ဖော်ပြပါမည်)**

# လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

(ယမန်နေ့မှ အဆက်)

**အခန်း(၅)**

**ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် လောင်းကစားဖမ်းဆီးရေးအဖွဲ့က ဆောင်ရွက်ရန်နည်းလမ်းများ**

၁၆။ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဥပဒေအရ သက်ဆိုင်ရာဝရမ်းထုတ်ပေးခွင့်ရှိသူထံမှ ဝရမ်းရရှိမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်။

၁၇။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည်-

(က) ဝရမ်းကို လုံခြုံစွာ သိမ်းဆည်းထားရမည်။

(ခ) ဝရမ်းထုတ်ပေးထားကြောင်း သတင်းမပေါက်ကြားစေရ။

(ဂ) ဝရမ်းထုတ်ပေးသည့်နေ့မှစ၍ ဝရမ်းကို အသုံးပြုရသည့်နေ့အထိ ဆောင်ရွက်ချက်ကို နေ့စဉ်မှတ်တမ်းထားရှိရမည်။

၁၈။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ထားသည့်ကာလအတွင်း၌သာ ဝရမ်း၌ ဖော်ပြထားသည့် လောင်းကစားအိမ်သို့ အချိန်မရွေး ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

၁၉။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားအိမ်သို့ ဝင်ရောက်ရာတွင်-

(က) ဝရမ်း ပါရှိရမည်။

(ခ) ရှာဖွေပုံစံ ပါရှိရမည်။

(ဂ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

(ဃ) သင့်လျော်မည့် လူအင်အားကို ခေါ်ဆောင်သွားနိုင်သည်။

(င) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်နိုင်ခွင့်ရှိသည်။

၂၀။ (က) အပိုဒ် ၁၉ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ(ပုံစံ-ခ)ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ်(ပုံစံ-ဃ)ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) အထက်ပါဆောင်ရွက်ချက်များကို လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း ဝရမ်းထုတ်ပေးသူထံ အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က) အရ လောင်းကစားဖမ်းဆီးသူက အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၁။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသည့် ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးအကြောင်း ဖော်ပြချက်ပါရှိသည့် လောင်းကစားဝရမ်းအတည်မဖြစ်ကြောင်း အစီရင်ခံစာ[ပုံစံ-ဂ(၁)]နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

**အခန်း(၆)**

**လောင်းကစားခြင်းကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် လိုက်နာရန် နည်းလမ်းများ**

၂၂။ လောင်းကစားခြင်းကို ဖမ်းဆီးသူသည်-

(က) လောင်းကစားအိမ်ရှင်ကိုဖြစ်စေ၊ လောင်းကစားအိမ်အတွင်း တွေ့ရှိသူတစ်ဦးဦးကိုဖြစ်စေ ၎င်းတွင် ဝရမ်းပါရှိကြောင်း ပြောကြားရမည်။

(ခ) လောင်းကစားသည့်နေရာတွင် တွေ့ရှိသည့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးပြီး ၎င်းတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ရေးမှတ်ရမည် သို့မဟုတ် ရေးမှတ်စေရမည်။

(ဂ) လောင်းကစားသည့်နေရာအား ရှာဖွေခြင်း၊ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ဖမ်းဆီးခြင်းခံရမည့်သူသည် ဖမ်းဆီးခြင်းမခံရရန် အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ထွက်ပြေးပုန်းအောင်းနေသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ဖမ်းဆီးသူသည် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။ ထိုသို့ ဖမ်းဆီးနိုင်ရန် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုတွင် နေထိုင်သူ သို့မဟုတ် တာဝန်ရှိသူသည် ဖမ်းဆီးသူအား လိုအပ်သည့် အကူအညီများပေးရမည်။

၂၄။ ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက ဖမ်းဆီးခြင်းမခံလျှင် သို့မဟုတ် အကြမ်းဖက်ခုခံလျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးခွင့်ရှိသူ မည်သူမဆို ထိုသူကို ဖမ်းဆီးနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

၂၅။ လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို ကွယ်ဝှက်ထားကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်နေရာအနှံ့အပြားကို ရှာဖွေနိုင်သည်။ ထိုသို့ရှာဖွေရာတွင် လောင်းကစားအိမ်ရှင်နှင့် သက်သေများရှေ့တွင် ရှာဖွေရမည်။ ရှာဖွေတွေ့ရှိသော လောင်းကစားကိရိယာကို ရှာဖွေပုံစံ(ပုံစံ-ခ)ဖြင့် သိမ်းဆည်း၍ ထိုရှာဖွေပုံစံတွင် သိမ်းဆည်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည့်အပြင် လောင်းကစားအိမ်ရှင်ကိုပါ လက်မှတ်ရေးထိုးစေပြီး ရှာဖွေပုံစံမိတ္တူကို လောင်းကစားအိမ်ရှင်က တောင်းခံလျှင် ပေးရမည်။ ရှာဖွေပုံစံတွင် လောင်းကစားကိရိယာတွေ့ရှိသည့် နေရာကို တိကျစွာဖော်ပြ၍ ရေးသွင်းရမည်။

**အခန်း(၇)**

**ကာစီနိုအတွင်း ဝင်ရောက်ကစားသည့် မြန်မာနိုင်ငံသားအား ဖမ်းဆီးခြင်း**

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိလျှင် ကိုယ်တိုင်ဝင်ရောက်ဖမ်းဆီးနိုင်သည်။

၂၇။ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိပါက ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်း [ပုံစံ-က(၁)] ထုတ်ပေး၍ ထိုဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးစေနိုင်သည်။

၂၈။ (က) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ အရ ဖမ်းဆီးသူသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း ဝင်ရောက်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အနည်းဆုံးသက်သေနှစ်ဦး ပါရှိရမည်။

(၂) ရှာဖွေပုံစံပါရှိရမည်။

(၃) ကာစီနို၌ တာဝန်ရှိသူတစ်ဦးဦးကို မိမိ၏အခွင့်အာဏာကို ပြောပြ၍ မည်သည့်အတွက် လာကြောင်းပြောကာ ဝင်ခွင့်တောင်းခံရမည်။

(၄) ကာစီနိုအတွင်း လောင်းကစားရန် ရောက်ရှိနေသည့် သို့မဟုတ် လောင်းကစားနေသည့် မြန်မာနိုင်ငံသားကို ဖမ်းဆီးပြီး ၎င်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကို မေးမြန်း၍ ရေးမှတ်ရမည်။

(၅) ကာစီနို၌ ကစားရာတွင် မြန်မာနိုင်ငံသားအသုံးပြုသည့် လောင်းကစားကိရိယာများနှင့် ငွေကြေးပစ္စည်းများကို ရှာဖွေပုံစံ(ပုံစံ-ခ)ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံးသက်သေ ၂ ဦးအား လက်မှတ်ရေးထိုးစေရမည်။

(၆) ဖမ်းဆီးခံရသူ၏ ကိုယ်ပေါ်၌ ရှာဖွေ၍တွေ့ရှိသော လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများကို ရှာဖွေပုံစံ(ပုံစံ-ခ)ဖြင့် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံး သက်သေ ၂ ဦးအား လက်မှတ်ရေးထိုးစေရမည်။ ဖမ်းဆီးခံရသူသည် အမျိုးသမီးဖြစ်က အမျိုးသမီးချင်း ရှာဖွေရမည်။

(၇) အပိုဒ်ခွဲငယ်(၅)နှင့် (၆)အရ သိမ်းဆည်းသော ရှာဖွေပုံစံမိတ္တူကို သိမ်းဆည်းခြင်းခံရသူက တောင်းခံလျှင် ပေးရမည်။

(၈) ဖမ်းဆီးခံရသည့်သူသည် ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ် အကြမ်းဖက်ခုခံရန်အားထုတ်လျှင် ၎င်းအား ဖမ်းဆီးရမိရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(၉) ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ် (ပုံစံ-ဃ)ဖြင့် ပေးအပ်ထားနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)အရ ဝင်ခွင့်တောင်းသည့်အခါ ကာစီနိုတာဝန်ခံ သို့မဟုတ် တာဝန်ရှိသူက ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၉)အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၉။ အပိုဒ် ၂၆ အရ ဖမ်းဆီးသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

၃၀။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) ကာစီနိုအတွင်းဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ(ပုံစံ-ဂ)ဖြင့် ဝရမ်းထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီ အတွင်း အစီရင်ခံတင်ပြရမည်။

(၂) ဝရမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း ကာစီနိုအတွင်း ဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဝင်ရောက်ဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးကြောင်းဖော်ပြချက်ပါရှိသည့် လောင်းကစား ဝရမ်းအတည်မဖြစ်ကြောင်းအစီရင်ခံစာ [ပုံစံ-ဂ(၁)] နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကိုရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၃၁။ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ)ကို လက်ခံရရှိပါက အပိုဒ် ၂၇ အရ ဝရမ်းထုတ်ပေးသူသည်-

(က) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး(မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံ အစီရင်ခံတင်ပြရမည်။

(ဆက်လက်ဖော်ပြပါမည်)

## ရောင်းချရန်ကြော်ငြာစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊**
**နည်းဥပဒေ ၆၆)**
**ဗိုလ်တထောင်ခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၉၈**

၁။ ဒေါက်တာအောင်သင်း နှင့် ဒေါက်တာသင်းလဲ့အေး
၂။ ဒေါက်တာနိုင်သင်း
**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ဗိုလ်တထောင်ခရိုင်တရားရုံး၊ **၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ်- ၉၈** တွင်အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော အမှတ်စဉ်(၁)ပါ ပစ္စည်းများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်)၊ နံနက် (၁၀:၀၀)** နာရီတွင် လည်းကောင်း၊ အမှတ်စဉ်(၂)ပါပစ္စည်းများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်)၊ မွန်းတည့် (၁၂:၀၀)** နာရီတွင်လည်းကောင်း ၎င်းပစ္စည်းများ တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင် သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ အမှတ် (၈၁-၈၅)၊ အခန်းအမှတ်(၂၀၉/၃၀၉)၊ (၃+၄) တိုက်ခန်း (၂)ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

**ကြမ်းခင်းဈေး - သိန်း (၂၂၀၀/-)**
**(ကျပ်သိန်း နှစ်ထောင့်နှစ်ရာတိတိ)**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊(အလယ်) အမှတ်(၂၀၇) ပထမထပ်၊ ထပ်ခိုးအပါအဝင် (၃+၄) (၂-လွှာ) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

**ကြမ်းခင်းဈေး - သိန်း (၂၀၀၀/-)**
**(ကျပ်သိန်း နှစ်ထောင်တိတိ)**

**လေလံတင်ရောင်းချမည့် စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံးတို့၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချမည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင်လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်ရက်ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် ပြန်၍လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄** ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်- ၈၄၄၊ မြေကွက်တည်နေရာအမှတ်- ၁၄၊ အောင်စိတ္တလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမြဟန် [၁၂/သဃက (နိုင်) ၀၈၉၄၄၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြဟန် (ဖခင်)သည် (၄-၆-၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်သန်း (မိခင်) သည် (၂၅-၁၁-၂၀၁၅) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ညွန့်ညွန့်ဝင်း [၁၂/သဃက(နိုင်)၀၈၉၄၄၇]က ၎င်းတစ်ဦးတည်းသာ မွေးဖွား၍ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း ၎င်းသာလျှင် တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သမီးတော်စပ်ကြောင်း ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ (၅၀၉/၂၀၂၃/၁၇-၈-၂၀၂၃) သေစာရင်းမှ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊မြေကွက်အမှတ်(၃၅၄)၊မြေကွက်တည်နေရာအမှတ်(၃၅၄)၊သခင်အုန်းခင်လမ်း၊(၂၈)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးညွန့်ဝင်း(AG-023282)အမည်ပေါက်၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးညွန့်ဝင်းကွယ်လွန်သဖြင့်(ဇနီး)ဒေါ်ခင်အေး(၁၂/ဥကမ(နိုင်)၀၀၄၈၇၀)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်၎င်းမှလွဲ၍အခြားတရားဝင်ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးညွန့်ဝင်း၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(စ)၊မြေကွက်အမှတ်(၆၇၀)(၂၀၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၆၇၀)၊သုမင်္ဂလာလမ်း၊(စ)ရပ်ကွက်၊ဦးချစ်ဖေ(CB-024413)၊ဒေါ်ဝင်းဖြူ(ခ)ဗာကျိုးနီးယား(AC-059787)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်များဖြစ်သောဦးချစ်ဖေ(ဖခင်)သည်(၁၅-၁၁-၂၀၁၀)ရက်နေ့တွင်လည်းကောင်း၊ဒေါ်ဝင်းဖြူ(ခ)ဗာကျိုးနီးယား(မိခင်)သည်(၁၉-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်းကွယ်လွန်ခဲ့သဖြင့်ဒေါ်တင်တင်ဝင်း(၁၂/ရကန(နိုင်)၀၆၆၁၂၈)၊ဒေါ်တင်မေဝင်း(၁၀/ရမန(နိုင်)၀၂၆၄၀၂)၊ဒေါ်တင်ချိုဝင်း(၁၂/ဥကမ(နိုင်)၀၆၆၆၄၂)၊ဒေါ်တင်မာဝင်းသမီး(၄)ဦးမွေးဖွားခဲ့ရာဒေါ်တင်မာဝင်းသည်(၈-၁၁-၂၀၀၄)ရက်နေ့တွင်အပျိုကြီးဘဝဖြင့်ကွယ်လွန်ခဲ့သဖြင့်ဒေါ်တင်တင်ဝင်း၊ဒေါ်တင်မေဝင်း၊ဒေါ်တင်ချိုဝင်းတို့မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်သမီးများတော်စပ်ကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၄/၁၁၁၇/၂၀၂၂/၁၉-၄-၂၀၂၂၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်းများ၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၈**

ဦးမောင်မောင်အောင် နှင့် ဒေါ်မှို
( တရားလို ) ( တရားပြိုင် )

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၀၇/ခ)နေ ဒေါ်မှို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းတပ်လမ်းနှင့်ဆရာတင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၃၃၅/၉၈၀)၊ ဧရိယာ (၀.၀၆၁) ဧက အကျယ်ရှိ ဦးဇော်ဇော်အောင်၊ ဒေါ်ခင်သန့်ဇင် တို့အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး(ခ)တင်တင်ဝင်း (၁၂/လသန(နိုင်) ၀၀၃၈၄၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား (မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ခိုင်ခိုင်စန်း** (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
**ဒေါ်နှင်းနုလွင်** (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၂၀)၊ အဆင့်မြင့်အိမ်ရာစီမံကိန်း(၆)၊ ဧရိယာ (၀.၀၄၄) ဧက အကျယ်ရှိ ဒေါ်သန်းသန်းနွဲ့ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဟိန်း (၈/ရစက(နိုင်) ၀၀၀၃၅၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား (မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ခိုင်ခိုင်စန်း** (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
**ဒေါ်နှင်းနုလွင်** (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၇၂၂) မြေကွက်အကျယ်(၄၀ပေx၆၀ပေ) (၂၄၀၀စတုရန်းပေ)အကျယ်အဝန်းရှိ ဦးအေးဆောင် (ISN-၀၄၉၅၃၄) အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသည့် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော နေအိမ်မှ ရသာရုံလမ်းသို့ မျက်နှာမူလျှင် လက်ယာဘက်ခြမ်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်သွယ်အေး [၁၂/ရကန(နိုင်)၀၁၂၉၁၉]မှ ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်မြင့် ( LL.B,D.B.L,D.M.L,D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)**
**အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၃၀၃၂၁၈၁**

**ဦးကျော်ဝင်းလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)**
**ဖုန်း-၀၉-၄၂၁၀၈၆၁၆၀**

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၉)ရပ်ကွက်(၆၆၂)၊ ဦးဝင်းဖေလမ်းနေ (ဘ)ဦးကျော်စွာသက်၏သား မောင်ဇာနည်သက်နောင်[၁၂/ဒဂရ(နိုင်)၀၄၇၄၅၁]၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၉-၂၀၁၂) ဖြစ်ပါကြောင်း။

---

## ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့နေ အဖ ဦးသန်းနိုင်၏သမီး ဒေါ်ကြည်ပြာသန်းနိုင် [၁၃/တခလ(နိုင်)၀၆၇၅၅၄] နှင့် အဖ ဦးစောဝင်းညို၏သား ဦးစောဖြိုးဝင်းညို [၁၃/တခလ(နိုင်)၀၆၆၃၄၆]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဦးသဘောတူ နှစ်ဖက်မိဘများရှေ့၌ (၁၃-၁၁-၂၀၂၃) ရက်နေ့တွင် အကြွင်းမဲ့ကွာရှင်းအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဦးစောဖြိုးဝင်းညိုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဒေါ်ကြည်ပြာသန်းနိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့သည့်အတွက် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပိုပိုမိုး(LL.B, D.B.L, WIPO)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၆၀၇)**
**ဖုန်း-၀၉-၉၆၈၄၈၆၀၀၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ခ/၁၁လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အမှတ်(၁၂၅+၁၂၇)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတူးမိုင် [၁/ကမန(နိုင်)၀၃၃၄၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်းသွယ်၊ (၁)လမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သော အဆောက်အအုံ၏ ပထမထပ် (ခြေရင်းခန်း/ကန်ထရိုက်ဘက်ခြမ်း)၏ အကျယ်အဝန်း (၁၅ပေx ၅၀ပေ)ရှိ ရေမီးအစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်နီဇင်ဖူး [၈/ပဖန(နိုင်)၁၀၂၅၀၄]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၁၅-၁၂-၂၀၂၃) နေ့တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ် ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့မွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၁၅၈)**
**အမှတ်(၄၆၈)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၀၀၆၆၃**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁-A ကံဘဲ့၊ မြေကွက်အမှတ်-၂/ဘီ-၂/ဃ-ဘီ၊ ဧရိယာ (၀.၀၈၃)ဧက၊ မြေကွက်တည်နေရာ-အမှတ် (၄၃)၊ ၁/မစိုးရိမ်ကျောင်းလမ်းသွယ်(၄)လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမြတ်သိန်း [၁၂/မရက (နိုင်)၀၆၁၆၄၁]၊ ဒေါ်ကြည်ကြည် [၁၂/မရက(နိုင်)၀၆၁၆၄၂] အမည်ပေါက် ဘီ-၃ (ခ)ရပြီး မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၈၄၉/ ၁၉၉၄ (၈-၁၁-၁၉၉၄) အပိုင်ပေးစာချုပ်အမှတ်-၉၄/၁၉၉၈ (၂၅-၁-၁၉၉၉)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်သင်းသင်းသွယ် [၁၂/ကမတ(နိုင်)၀၁၈၇၀၇]၊ ဦးသန်းဋွေး [၁၂/မရက(နိုင်)၀၆၀၄၇၇]၊ ဒေါ်မြတ်နှင်းအေး (ခ) ဒေါ်ခင်သိန်းအေး [၁၂/ပဇတ(နိုင်)၀၀၃၄၇၅]၊ ဒေါ်မြတ်မဉ္ဇူ (ခ) ဒေါ်ခင်သိန်းမူ [၁၂/လမတ(နိုင်) ၀၂၁၄၃၄]တို့မှ အမည်ပေါက် စာချုပ်မိတ္တူပိုင်ဆိုင်ကြောင်း စာချုပ်မိတ္တူမှန်၊ အပိုင်ပေးစာချုပ် မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်နှင့် အမှားပြင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
# နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများလစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) | (၁၂) နေရာ |
| ( ခ ) | ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်) | ( ၉ ) နေရာ |
| ( ဂ ) | ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား) [ကချင်၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရှမ်း၊ 'ဝ'] | ( ၄ ) နေရာ |
| (ဃ) | အသံလွှင့်ကျွမ်းကျင်(၂) | ( ၃ ) နေရာ |
| ( င ) | အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) [ကချင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(ချိုး)၊ မွန်၊ ရှမ်း၊ ပအိုဝ်၊ ဓနု၊ 'ဝ'၊ ကိုးကန့်] | ( ၃ ) နေရာ |
| ( စ ) | အနုပညာရှင်(၂)(ဂီတ) | ( ၃ ) နေရာ |
| (ဆ) | ရုပ်သံကျွမ်းကျင်(၂) Myanmar International | ( ၄ ) နေရာ |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- ( ခ ) (၃၁-၁၂-၂၀၂၃)ရက်နေ့တွင် အမှတ်စဉ်(က၊ ခ၊ ဂ၊ ဃ၊ င၊ စ) ရာထူးများအတွက် အသက် (၃၅) နှစ်နှင့် အမှတ်စဉ်(ဆ) ရာထူးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- ( ဂ ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
- ( င ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- ( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။
- ( ဇ ) နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ကို တင်ပြနိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ
- (က) အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးအတွက်
  - ME, BE, B-Tech, A.G.T.I.(EP/ EC/ IT/ Mechatronics), M.Sc(Phys;), B.Sc(Phys;) ရရှိပြီးသူဖြစ်ရမည်။
  - ကွန်ပျူတာအခြေခံ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  - Audio/Video/Editing ဘာသာရပ်များနှင့် Media သင်တန်းတက်ရောက်ပြီးသူများ ဦးစားပေးမည်။
- ( ခ ) ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်) ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
  - ကွန်ပျူတာ အခြေခံရှိရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
  - ရုပ်ရည်ရူပကာချောမောပြေပြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန်ပီသစွာ ပြောဆိုနိုင်ရမည်။ ဘာသာပြန်နိုင်သူ(သို့) English စာ စိတ်ဝင်စားသူဖြစ်ရမည်။
- ( ဂ ) ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား) [ကချင်၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရှမ်း၊ 'ဝ'] ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
  - မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။
- (ဃ) အသံလွှင့်ကျွမ်းကျင်(၂)ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), M.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ ဦးစားပေးမည်။
  - ကွန်ပျူတာ အခြေခံရှိရမည်။
  - မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်နိုင်သူ ဦးစားပေးမည်။ ကိုယ်တိုင်စာမူ ရေးသားနိုင်သူဖြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာပြောဆိုနိုင်ရမည်။ အသံအရည်အသွေးပိုင်းဆိုင်ရာ နားလည်နိုင်သူဖြစ်ရမည်။
- ( င ) အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား) [ကချင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(ချိုး)၊ မွန်၊ 'ဝ'၊ ကိုးကန့်၊ ဓနု၊ ရှမ်း၊ ပအိုဝ်] ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
  - မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆို ရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။
- ( စ ) အနုပညာရှင်(၂)(ဂီတ)ရာထူးအတွက်
  - ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းမှာ အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
  - တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာတီးမှုတ်နိုင်ရမည် (သို့) အဆိုပညာတတ်ကျွမ်းရမည်။
- (ဆ) ရုပ်သံကျွမ်းကျင်(၂)ရာထူး၊ Myanmar International အတွက်
  - ဘွဲ့တစ်ခုခုရရှိပြီး English Skill (Intermediate Level) ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်သူဖြစ်ရမည်။ B.A(English)၊ M.A(English)၊ B.A(Journalism)၊ B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ ရေး/ဖတ်/ပြော ကျွမ်းကျင်သူ၊ B.A (သို့) B.Sc ဘွဲ့ တစ်ခုခုရရှိ ပြီး (TOEFL Marks-500/ IELTS Level-6) အဆင့်ရှိသူ ဦးစားပေးမည်။
  - Graphic Design ကျွမ်းကျင်သူများ ဦးစားပေးမည်။
  - ကွန်ပျူတာအခြေခံရှိရမည်။
  - မြန်မာနှင့် နိုင်ငံတကာဗဟုသုတ၊ သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။ ရုပ်ရည်ရူပကာ ချောမောပြေပြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာ ပြောဆိုနိုင်ရမည်။

၄။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲများ ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)နှင့် လူတွေ့ကို ရန်ကုန်/ တပ်ကုန်းတို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ (၃၁-၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
- (က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းရန်)
- ( ခ ) ဘွဲ့လက်မှတ်မိတ္တူ/ ရာထူးများအလိုက်သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ
- ( ဂ ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- ( င ) ပြင်ပပုဂ္ဂိုလ်များအတွက် သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ပြစ်ဒဏ် ကင်းရှင်းကြောင်းနှင့် ခွင့်ပြုကြောင်း ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း
- ( စ ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
- (ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- ( ဇ ) ဝင်ကြေးငွေကျပ် ၃၀၀၀/-ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၃၀၀၀/- ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ MD-010390 သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ MD-010669 သို့လည်းကောင်း၊ ကျန်ပြည်နယ်/ တိုင်းဒေသကြီးများအတွက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာစာတိုက် (သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့်ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၆။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအားစိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကိုသတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြင့် [၁၁/ပဏက (နိုင်) ၀၈၃၆၆၄] သင်္ဘောသားစာအုပ် အမှတ် (၀၀၀၀၃၀) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၅၄၀၃၇၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၃)၊ ဦးပိုင်အမှတ် ၉၄(ခဲစင်း)၊ ၅၇x၅၈ လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်လတ် [၉/မရမ(နိုင်)၀၃၁၈၅၇]၏ [GP ရသူ ဦးသန်ဟိန်း(ခ) ဦးသံဟိန်း] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၆၀၀၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈)၊ ဦးပိုင်အမှတ်၄-ဏ(ခဲစင်း)၊ ၁၀x၁၁ လမ်းကြား၊ ၈၀x၈၁ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးမောင်ကို-ဒေါ်ချိုချို(ခ)ဒေါ်ခင်ချိုတို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးမောင်ကို ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၀၃၄/၂၀၂၃)ဖြင့်အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ချို(ခ)ဒေါ်ချိုချို [၉/မနမ(နိုင်)၀၂၇၆၁၂]က အမှုတွဲ အမှတ်-၀၆၅၀/ဘ/ခွဲ/ပယ်ဖျက်/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/ပယ်ဖျက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၁၆)၊ ၄၉x၅၀လမ်းကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်ကြပ်သက်ဟိန်း [၉/အမရ(နိုင်)၀၀၅၄၆၉]၊ ကပ-၄၉၅၃၂၁၏ (SP ရသူ ဦးကျန်ခိုင်မို)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၉၉၅/၂၀၂၃-၂၀၂၄)ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အ.လ.က(၃) မင်္ဂလာဒုံ၊ KG တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးဝင်းထွန်း [၁၂/မဂဒ(နိုင်)၁၀၆၃၁၅]၏ သမီးဖြစ်သူ မယွန်းနဒီ၏ အမည်မှန်မှာ မအိမ့်ချစ်ပိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်ချစ်ပို**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ (ဘ) ဦးခင်သန်း၏ သမီး [၁၄/မမက(နိုင်)၂၃၂၆၇၅] ပါ မအေးအေးမိုး အမည်အား မပြည့်ဖြိုးမြိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မပြည့်ဖြိုးမြိုင်**

## အများသိစေရန်

ကျွန်မ မကျော့ကျော့ရှင်း [၇/တငန(နိုင်)၂၀၇၄၈၉]နှင့် မောင်သီဟစိုးထက်(ခ)စိုးထက်နိုင် [၅/ခဥန(နိုင်)၁၁၈၆၅၃] တို့သည် ၂၃-၆-၂၀၂၂ ရက်နေ့ နှစ်ဖက်မိဘများရှေ့၌ စေ့စပ်ပြီး၍ စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မကျော့ကျော့ရှင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅၉

ဒေါ်နှင်းနှင်းအေး ပါ-၅ ဦး — ဒေါ်သိင်္ဂီဝင်း(ခ)ဒေါ်ကောက်စလီးဒ် ပါ-၅

**(တရားလိုများ)** နှင့် **(တရားပြိုင်များ)**

**အမှတ်(၂၅၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ယခုနေရပ် လိပ်စာ- မသိ)နေ (၁) ဒေါ်ကတ်(စ်)သူရီ၊ (၂) ဒေါ်မူသူလက်ချမီး၊ (၃) ဒေါ်စူစီလာတို့** သိစေရမည်။

